
www.burmeseclassic.com

ဝိုး ဝိုး စာပေ




# မယားပြောတော့ တစ်ည

## မြင့်မိုးအောင်

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၉၂၂၀၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၅၂၂၀၁၁
အဖုံးဒီဇိုင်း - ကိုဆန်း
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြဲ-၀၃၇၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြဲ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၆၇၊ စကားဝါလမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းငွေး
ပုံနှိပ်ခြင်း - ၂၀၁၁ ခုနှစ်၊ ဇက်တင်ဘာလ။
ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၆၀၀ ကျပ်

၈၉၅ ・ ၈၃
ပြည့်ပိုင်မှူးအိမ်
မယားပြောတော့ တစ်ည / ပြည့်ပိုင်မှူးအိမ် ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၁
၁၅၀ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။
(၁) မယားပြောတော့ တစ်ည

BURMESE CLASSIC .com



စကားပုံတစ်ခုရှိပါတယ်၊
အမေပြောတော့ တစ်လ
မယားပြောတော့ တစ်ညတဲ့။

× × × ×

ဦး ၊ မိုး ၊ ၁ ၁ ၆ ၀
www.burmeseclassic.com

www.burmeseclassic.com



အမေ တစ်လတိတိပြောသော အကြောင်းကိစ္စတစ်ခုကို မယားပြောတော့ တစ်ညထဲနှင့် ပြီးမြောက်သည်ဆိုသော စကားပုံ ဖြစ်သည်။

ယခုဝတ္ထုထဲက မယားပြောတော့ တစ်ညတျပြန်တော့ တစ်မျိုးဖြစ်နေသည်။

မည်ကဲ့သို့ တစ်မျိုးဖြစ်နေသနည်းဟု ဆိုသော်. . .။

× × × ×



"မောင့်ကို စပ်စုတယ်လို့မထင်နဲ့နော်၊ မောင် မေးစရာ လေးရှိလို့"

သူ့စကားကြောင့် သူမက ခေါင်းကိုညိတ်ပြသည်။

"ဘာမေးမလို့လဲ မောင်ရဲ့၊ မေးလေ"

"မြုရဲ့ဖေဖေက အထူးကုဆရာဝန်ဆို"

"အင်း. . . ဟုတ်တယ်လေ မောင်ရဲ့၊ အဲဒါ ဘာဖြစ်လို့ လဲ"

သူမက မျက်နှာကိုမော့ကာကြည့်ရင်း အမေးရှိသည်။

"မြုနဲ့မောင်နဲ့က မကြာခင် လက်ထပ်ကြတော့မှာ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား၊ ဒီတော့ မောင့်ရဲ့ ယောက္ခမလောင်းကြီးကို အထူးကု ဆရာဝန်ကြီးဆိုတာကလွဲပြီး ဘာအထူးကုလဲဆိုတာ မောင်က မသိဘူးလေ၊ မောင့်ရဲ့မိဘတွေက မေးလာခဲ့ရင် တိတိကျကျဖြေလို့ရအောင် မောင်က မေးချင်လို့ပါကွာ၊ ဘာရယ်မဟုတ်ပါဘူး"

"ဩော်. . . ဖေဖေက ဘာအထူးကုလဲ၊ အဲဒီဟာကို သိချင်တာလား"

သူမက ပြုံးရင်း သူ့ကိုဆိုသည်။

"ဟုတ်တယ် ဖြူရဲ့၊ မောင်တို့ ဆွေမျိုးတွေထဲမှာက ဆရာဝန်မရှိဘူး၊ အင်ဂျင်နီယာတို့ ဘာတို့ပဲရှိတာ၊ ဒီတော့ မပြောကောင်းမဆိုကောင်း ရောဂါတစ်ခုခုဖြစ်လာရင် အားကိုးရတာပေါ့၊ ဖြူ့ဖေဖေက အသည်းအထူးကုလား၊ နှလုံးအထူးကုလား၊ ဒါမှမဟုတ် အထွေထွေရောဂါအထူးကုလား အဲဒီလို တိတိကျကျသိချင်တာ"

"ဩော်. . . ဖေဖေကုတဲ့ရောဂါနဲ့ မောင့်ဆွေမျိုးတွေဖြစ်တဲ့ ရောဂါ တိုက်ဆိုင်ခဲ့ရင် အားကိုးချင်တာ၊ ဒီလိုလား"

သူ 'ဟုတ်တယ်'ဟုဆိုရင်း ခေါင်းညိတ်ပြဖြစ်သည်။

"ဖြူ့ဖေဖေနဲ့ မောင်တို့ဆွေမျိုးတွေနဲ့ လွတ်မှာမဟုတ်ပါဘူး၊ မောင်တောင် ဖေဖေ့ရဲ့ လူနာဖြစ်ချင်ဖြစ်လာဦးမှာ"ဟုဆိုရင်း သူမ ရယ်သည်။

"အေးပါ. . . ဘာအထူးလဲဆိုတာသာ ပြောပါ၊ ကဲ ဆို





ဘာအထူးကုလဲ"

"ဖြူ့ဖေဖေက လိပ်ခေါင်းအထူးကု"

"အင်"

× × × ×



www.burmeseclassic.com

www.burmeseclassic.com



If you refuse a wife with one fault, you will take one with two.

အမှားတစ်ခုတည်းသာရှိသော မယားတစ်ယောက်ကို သင်ငြင်းဆန်ပါက အမှားနှစ်ခုရှိသော မယားတစ်ယောက်ကို သင်ရလိမ့်မည်။

***Welsh Proverb***

× × × ×





BURMESE CLASSIC .com

"ဘာ. . . ဘယ်လို လိပ်ခေါင်းအထူးတု ဟုတ်လား"

မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် မေးသော သူ့ကိုကြည့်ရင်း သူမက ခွီးခနဲရယ်သည်၊ ပြီး ပြောင်ချော်ချော်ဖြင့် သူ့ကိုကြည့်သည်၊

"မအံ့ဩနဲ့ မောင်ရဲ့၊ မောင်လည်း တစ်နေ့ ဖေဖေ့လူနာ ဖြစ်ချင်ဖြစ်လာမှာ၊ မောင့်ရဲ့မိဘတွေရော၊ မောင့်ရဲ့ဆွေမျိုးတွေရော ဖေဖေ့လူနာ ဖြစ်. . . ဖြစ်"

"တော်ပါတော့ ဖြူရယ်၊ ကြားရတာ ခေါင်းကျိန်းလွန်းလို့"

သူခေါင်းကို ခပ်ကြမ်းကြမ်းကုတ်ရင်း ဆိုဖြစ်သည်၊



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းကျိန်းစရာမလိုပါဘူး မောင်ရယ်၊ ဖေဖေကလေ အထူးကုပီပီ လုံးဝ တိကျမှန်ကန် မြန်ဆန်စိတ်ချရပါတယ်၊ ဘာအမှားအယွင်းမှ မရှိဘူး၊ မှားပြီးဖြတ်မိ ညှပ်မိစရာအကြောင်းကို မရှိတာ၊ မယုံရင် မောင်ကိုယ်တိုင် ဖေဖေနဲ့တွေ့ကြည့်ပါလား"

"ဘာကိစ္စတွေ့ရမှာလဲ၊ ဖြူ့ဖေဖေနဲ့ လိုက်တွေ့ရအောင် မောင့်မှာမှ လိပ်ခေါင်းမရှိတာ၊ ဘယ်တော့မှလည်း ဖြစ်မှာမဟုတ်ဘူး"

သူ ရှက်အမ်းအမ်းဖြင့် ခါးခါးသီးသီးပင် ငြင်းဖြစ်သည်။

"မဟုတ်ဘူးလေ မောင်ရဲ့၊ လောကကြီးမှာ မဖြစ်ဘူးဆိုတာ မရှိဘူး၊ မဖြစ်သေးတာပဲရှိတယ်၊ မထူးပါဘူးမောင်ရယ် ဖေဖေ့ဆီ တစ်ခါလောတ်လိုက်ခဲ့ပြီး စမ်းသပ်ကြည့်ပါလား"

သူမက ရယ်ချင်ပက်ကျဲဖြင့် ဆိုလာသည်မို့ သူ ခေါင်းကို ဘယ်ညာခါပြဖြစ်သည်။

"အာ. . . ကိုယ့်မှာ ဘာရောဂါမှမရှိဘူး၊ ဘာမှစမ်းစရာမလိုဘူး၊ ဖေါင်ဖေါင်မြည်ပြီးသား"

ခါးခါးသီးသီးဖြစ်နေသော သူ့ကိုကြည့်ရင်း သူမက ခွီးခနဲရယ်သည်။

"နောက်တာပါမောင်ရယ်၊ ဖေဖေက ခွဲစိတ်အထူးကုပါ၊ လိပ်ခေါင်းအထူးကု မဟုတ်ပါဘူး၊ မောင်ကလည်း ဗဟုသုတနည်းလိုက်တာ လိပ်ခေါင်းအထူးကုဆိုတာ အနောက်တိုင်းဆေးလောကမှာ ကြားဖူးလို့လား"

"ဘယ်သိပါ့မလဲ ဖြူရ၊ မဖြစ်ဘူးဆိုတာ လောကမှာမရှိဘူး၊ မဖြစ်သေးတာပဲရှိတယ်၊ နောက်ဆို ဖြူ့ဖေဖေက လိပ်ခေါင်းအထူးကုဖြစ်မလာဘူးလို့ မပြောနိုင်ဘူး၊ အဲဒီဘာသာရပ်အတွက် စာတမ်းတွေဘာတွေ ပြုစုပြီး နာမည်ကြီးချင်ကြီးနေဦးမှာ"

ခပ်ရွှတ်ရွှတ်ပင် သူမကို သူ ဆိုဖြစ်သည်။

"သြော်. . . အဲဒီအချိန်ကျတော့လည်း မောင်အပါအဝင် မောင့်ဆွေမျိုးတွေအတွက် စိတ်အေးရတာပေါ့"

သူမက ခေသူတော့မဟုတ်၊ ခပ်ငေါ့ငေါ့ပင် ပြန်၍ဆိုသည်။

"တော်ပါပြီ ဖြူရာ၊ တခြားအကြောင်း ပြောရအောင်ပါ"

"မောင်ပဲ ဖေဖေ့ကို ဘာအထူးကုလဲလို့ စမေးတာလေ"

"ဟုတ်ပါတယ်၊ မောင်မေးမိပါတယ်၊ ဒါပေမယ့် ဖြူက ကောင်းကောင်းမှမဖြေတာ၊ လျှောက်နောက်နေပြီးတော့"

"ချစ်လို့နောက်တာကို စိတ်ဆိုးတယ်ပေါ့"

သူမက ရယ်ကျဲကျဲဖြင့် ဆိုသည်မို့ သူပါ ဟက်ခနဲရယ်ဖြစ်သည်၊ အမြဲရွှတ်နောက်နောက်နိုင်သော ကလေးမကိုကြည့်ရင်း

"အာ. . . ဘာလုပ်တာလဲ"

သူမက ခပ်ချွဲချွဲဆိုသည်၊

"ဘာမျှားလိမ်းထားသလဲလို့ပါ"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူ ခပ်တည်တည်ပင် ညာဖြစ်သည်။

"အောင်မာ. . . လူလည်မကျပါနဲ့၊ ကဲ ဒါဖြင့်ပြော ဖြူဘာလိမ်းထားလဲ၊ အခုချက်ချင်း ပြော"

သူမကလည်း ချက်ချင်းပင် မေးခွန်းထုတ်သည်။

"အင်း. . . မောင့်စိတ်ထဲမှာ ဇဝေဇဝါဖြစ်နေတယ်၊ သေချာအောင် နောက်တစ်ခါ စမ်းသပ်ကြည့်မှ ဖြစ်မယ်၊ ကဲ ကဲ ရှေ့နည်းနည်းတိုး"

သူ့စကားအဆုံးမှာ သူမက 'လူလည်'ဟုဆိုရင်း ရှက်ဝဲဝဲဖြင့် သူမကို ဆွဲဆိတ်သည်။ ဘာရယ်မဟုတ် သူ ရယ်ဖြစ်သည်။

× × × ×





"မိန်းမမယူနဲ့ဦးကောင်. . . ငါတို့တောင် ပြန်အမ်းမရလို့ ငြိမ်နေကြရတာ၊ ပြန်အမ်းလို့များရရင် အရင်အတိုင်း သူ့အမေအိမ် ပြန်ပို့လိုက်ပါတယ်"

"ကလေးနှစ်ယောက်ကို အတိုးဆိုပြီး အဆစ်ထည့်ပေးပြီး တော့လား"

ခိုင်မြင့်၏အဆိုကို ရန်နောင်က စကားထောက်သည်။

"ဒါတော့ဒါပေါ့ကွာ. . . ဒါပေမယ့် ငါကလည်း ငယ်တော့တာမှ မဟုတ်တာ၊ ဘွဲ့ကလည်းရပြီးပြီ၊ အလုပ်ကလည်း အဆင်သင့်ဆိုတော့ ငါ့မိဘတွေကလည်း မိန်းမယူခိုင်းနေကြပြီကွ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်း ရချင်ချင်နဲ့ဆိုတော့ အကိုက်ပေါ့ကွာ"

သူ့စကားအဆုံးမှာ ရန်နောင်က ခပ်ငေါ့ငေါ့ပင်ဆိုသည်။

"ငါတို့ သားနဲ့မယားနဲ့ ဖြစ်နေတာကိုကြည့်ပြီး မင်းက အားကျနေတာနဲ့တူတယ်၊ အေးလေ တံလျှပ်ကိုရေထင်ပြီး ဒုက္ခရောက်ချင်နေတာကိုး၊ တားမရရင်လည်း မတားတော့ဘူး သက်မောင်မောင်ရေ"

ခိုင်မြက သူ့ကိုကြည့်ရင်း ဆိုသည်။

"နောက်တော့မှ ငါ့သူငယ်ချင်းတွေပြောတာ မှန်တယ်ဟ လို့တော့ ကုန်းမအော်နဲ့၊ အဲဒီအချိန်မှာ ဆေးမမိတော့ဘူး"

ရန်နောင်က ခေါင်းညိတ်ကာ ညိတ်ကာဖြင့် ဆိုသည်။

"လူပျိုဘဝမှာ နေရတဲ့ လွတ်လပ်မှုအရသာကို အဲဒီအချိန်မှာ ပြန်ပြီးမြည်းစမ်းလို့လည်း ရတော့မှာမဟုတ်ဘူး၊ မပြောမရှိနဲ့ နောင်ငါ့ကောင် သေသေချာချာစဉ်းစားဦး၊ အပြန်ပြန်အလှန်လှန်ကို စဉ်းစားဦး၊ မိန်းမယူတယ်ဆိုတာ လွယ်တယ်၊ ဆက်ပေါင်းဖို့ကသာ ခက်တာ"

ခိုင်မြ၏စကားအဆုံးမှာ သူ သက်ပြင်းကိုချဖြစ်သည်။ ပြီး အိမ်ထောင်သည်ဘဝဆိုတာ ဘာကြီးပါလိမ့်ဟု သူတွေးဖြစ်သည်။

× × × ×





If the husband gathers like the bees, and the wife disperses like the hour, glass they will both get rich.

ယောက်ျားဖြစ်သူက ပျားကဲ့သို့စုဆောင်းလျှင် မယားက သဲနာရီကဲ့သို့ ခွဲတာရာ၏။ ၎င်းနှစ်ယောက် ချမ်းသာပါလိမ့်မည်။

***German Proverb***

× × × ×



www.burmeseclassic.com

www.burmeseclassic.com

"အေး. . . အေး အခုလို ကန်တော့ကြတဲ့အကျိုးကြောင့် ဒီလင်ဒီမယား အိုအောင်မင်းအောင် ပေါင်းနိုင်ကြပါစေ"

သူမ၏ဖခင် ဆုပေးအပြီး. . .

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

ဟု သူတို့လင်မယား ပြိုင်တူဆိုဖြစ်သည်။

"ဒါနဲ့ ဟိုဘက်က မိဘတွေကိုရော သွားကန်တော့ပြီးကြပြီလား သမီး"

ယောက္ခမကြီး၏ အမေးကို သူမက ခေါင်းညိတ်ပြသည်။

"သွားကန်တော့ပြီးပါပြီ မေမေရဲ့၊ မောင့်မေမေကလေ





သမီးကို စိန်တစ်ဆင်စာပေးလိုက်တယ် သိလား"

သူမက ပြောပြောဆိုဆို ဘေးလွယ်အိတ်ထဲမှ ကတ္တီပါဗူးကို ထုတ်ကာ သူမအမေဆီ လှမ်းပေးရင်း ဆိုသည်။

"ဟယ်. . . ဟုတ်လား၊ ပြစမ်းပါဦး ကြည့်ရအောင်"

ယောက္ခမကြီးက သူမကမ်းပေးသော ကတ္တီပါဗူးကို ခပ်သွက်သွက် လှမ်းယူသည်။ ပြီး ခပ်သုတ်သုတ် ဖွင့်ကာကြည့်သည်။ ယောက္ခထီးကြီးက ဣန္ဒြေဆည်ဦးဆိုသော သဘောဖြင့် ယောက္ခမကို တတောင်ဖြင့်တို့သည်။

"အေးကွာ. . . သားလေး 'သက်မောင်မောင်'တို့ဘက်ကတော့ တစ်ဦးတည်းသောသားဆိုတော့ အိမ်လည်းလက်ဖွဲ့၊ ကားလည်းလက်ဖွဲ့တဲ့အပြင် စိန်တစ်ဆင်စာပါ ပေးနိုင်တာပေါ့၊ ဖေဖေတို့ကတော့ သားသမီးသုံးယောက်တောင်ဆိုတော့ သားတို့နှစ်ယောက်ရဲ့ ဘဏ်စာအုပ်ထဲမှာ သိန်းတစ်ရာပဲ ထည့်ပေးနိုင်တယ်"

ယောက္ခထီးကြီးက မျက်နှာပူဟန်ဖြင့်ဆိုသည်။

"ရပါတယ်ဖေဖေရယ်. . . သားတို့က ဖေဖေတို့ဆီက ရစကောင်းစေဆိုတဲ့စိတ်မျိုး မရှိပါဘူး၊ သားတို့ကတောင်မှ နှစ်ဖက်မိဘတွေကို ပြန်ကန်တော့ရဦးမှာပါ"

သူ့ယောက္ခထီးကြီးကို ဆိုဖြစ်သည်။

"ဟုတ်ပါတယ် ဖေဖေရယ်၊ မောင်တို့မိဘဘက်က



www.burmeseclassic.com

www.burmeseclassic.com



ပေးတယ်ဆိုတဲ့ တိုက်တွေ၊ ကားတွေ၊ စိန်တွေဆိုတာက တန်ဖိုးဖြတ်လို့ရတယ်၊ ဖေဖေတို့က သမီးကို တန်ဖိုးမဖြတ်နိုင်တဲ့မေတ္တာတွေ အနှိုင်းမဲ့ပေးပြီးပြီပဲ၊ ဘာမှထပ်ပေးဖို့ မလိုပါဘူး၊ အဟင်း. . . ဟင်း"

တဟင်းဟင်း လုပ်ကာရယ်ရင်းဆိုသော ဇနီးဖြစ်သူ၏ စကားကြောင့် သူ နှင်ခနဲဖြစ်သွားရသည်။

'ပြောတတ်လိုက်တာ'ဟု ခပ်ရွှတ်ရွှတ်တွေးဖြစ်သည်။

ဘာတဲ့. . .။

"တန်ဖိုးမဖြတ်နိုင်တဲ့ မေတ္တာတွေတောင် အနှိုင်းမဲ့ပေးပြီးပြီ"

သူ့မိဘတွေပေးသော စိန်တွေ တိုက်တွေ ကားတွေကကျ တန်ဖိုးဖြတ်၍ ရနိုင်သည်ဟု သတ်တတ်။

တတ်လည်းတတ်နိုင်တဲ့ အတွေးအခေါ်ဟု ခပ်ချဉ်ချဉ်ဖြင့်တွေးရင်း သူမကိုကြည့်ဖြစ်သည်။

"မောင်ကလည်း အားလုံး အစစအရာရာ သမီးသဘောပဲဆိုတော့လေ အဲဒီသိန်းတစ်ရာကို မေမေတို့ကို မနက်ဖြန်ကျပြန်ကန်တော့မယ်သိလား"

နောက်ဆက်တွဲဆိုသော မိန်းမဖြစ်သူ၏စကားကြောင့် သူ မျက်လုံးများပင် ပြူးသွားရသည်။ ကြည့်စမ်း စကားတတ်ပုံက။ အစစအရာရာ သူမ၏သဘောဆိုပါလား။ မနက်ဖြန်





ပြန်ကန်တော့မည်ဆိုပါလား။

"အမလေး. . . မေမေ့ရဲ့ သမီးလေးက လိမ္မာလိုက်တာ၊ သားနှစ်ယောက်ကြောင့် စိတ်ညစ်ရသမျှ သမီးအလိမ္မာလေးရှိပေလို့သာပဲ၊ အမေ့သမီးလေး ဒီကိုလာပါဦး"

ယောက္ခမကြီးက မကြာမီက ပြူးတူးပြဲတဲ ကြည့်နေခဲ့သော ကတ္တီပါဗူးကို ဘေးမှာချရင်း သမီးဖြစ်သူကိုခေါ်သည်။ မျက်ရည်လေး စမ်းစမ်း စမ်းစမ်းလုပ်နေသော ယောက္ခမကြီးဆီသို့ သူမက ပြေးဖက်ရင်း သားအမိနှစ်ယောက် တစ်ယောက်ကိုတစ်ယောက်ဖက်ကာ ဓာတ်ရှင်များထဲကလို ဟန်ပန်အပြည့်ဖြင့် ငိုပွဲဆင်နေကြသည်ကို ကြည့်ကာ ယောက္ခထီးကြီးက မျက်ရည်ဝဲလာဟန်ဖြင့် မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်သည်။ သူ့စိတ်ထဲမှနေ 'ပိုပါ့ကွာ'ဟု တွေးဖြစ်သည်။

"အမေ့သမီး လိမ်လိမ်မာမာနေနော်၊ ယောကျ်ားကို စိတ်ညစ်အောင်မလုပ်နဲ့၊ စီးတဲ့ရေ ဆည်တဲ့ကန်သင်းတဲ့၊ ယောကျ်ားရှာသမျှကို မဖြုန်းနဲ့၊ ကြားလား"

ယောက္ခမကြီးက စိတ်ချဉ်ပေါက်နေသော သူ့ဆီ တစ်ချက်လှမ်းကြည့်ရင်း ဆိုသည်။ ယောက္ခထီးကြီးကလည်း ချောင်းကိုဟန့်သည်။

"အဟမ်း. . . ဟို ဂျာမန်စကားပုံတစ်ခုလိုပေါ့ သမီးရယ်၊ ယောကျ်ားက ဖျားလိုရှာထားသမျှကို မိန်းမက သဲနာရိလိုချွေတာရ



www.burmeseclassic.com

www.burmeseclassic.com



မယ်တဲ့၊ အဲဒီလိုဆိုရင် အဲဒီနှစ်ယောက်စလုံး ချမ်းသာလိမ့်မယ်တဲ့"

"ဟုတ်ကဲ့ပါ ဖေဖေ"

သူမက သမီးအလိမ္မာပီပီ ခေါင်းညိတ်သည်။

"ကဲ ကဲ တစ်နေကုန် မင်္ဂလာဆောင်မှာလည်း ပင်ပန်းထားကြတယ်ဆိုတော့ အိမ်ပြန်ပြီးနားကြတော့"

ယောက္ခမကြီးက စိန်ထည်များ ထည့်ထားသော ကတ္တီပါဗူးကို ပြန်ပေးရင်းဆိုသည်။ ယောက္ခမကြီး၏ စကားအဆုံးမှာ သူဝမ်းသာအားရပင်. . .

"ဟုတ်ကဲ့ပါ မေမေ၊ ဒီလိုဆို သားတို့ပြန်တော့မယ်"

ဟု ဆိုဖြစ်သည်။

ခပ်သွက်သွက်ဆိုရင်း ထရပ်သော သူ့ကို ပြန်ချင်သေးပုံမရသော သူမက မှုန်ကုပ်ကုပ်ဖြင့် လှမ်းကြည့်သည်။

"လာလေ. . . ဖြူ၊ အမလေးဗျာ မောင့်မိန်းမ ဘယ်လောက်ထိတောင် ပင်ပန်းနေတယ်မသိဘူး ထိုင်ရာကနေတောင် မထချင်တော့ဘူးထင်ရဲ့၊ ကဲကဲ လာလာ အိမ်ပြန်ပြီးနားရအောင်"

လက်မောင်းကို မသိမသာ ဆောင့်ဆွဲရင်းခေါ်သော သူ့နောက်ကို သူမ ခွေ့ခနဲပါလာသည်။

"မေမေ သမီးတို့သွားပြီနော်၊ ဖေဖေ သွားပြီနော်"

"အေး. . . အေး"





အမျှင်မပြတ်သေးသော သူမတို့ကိုကြည့်ရင်း သူ စိတ်ချဉ်ပေါက်နေမိသည်။ သို့သော် လှမ်းအကဲခတ်ကာ သူ့ကိုကြည့်နေသော ယောက္ခမကြီး၏ အကြည့်ကြောင့် သူ မျက်နှာကို အစွမ်းကုန် ပြုံးထားဖြစ်သည်။

ပြီး ကားပေါ်ကို ခပ်သွက်သွက်ပင် တက်ဖြစ်သည်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



"မောင်. . . နေမကောင်းလို့လားဟင်၊ တစ်လမ်းလုံး စကားလည်းမပြောဘူး၊ မျက်နှာလည်း မကောင်းသလိုပဲ"

သူမက အိမ်ရောက်ရောက်ချင်း သူ့နဖူးကို လှမ်းကာစမ်းရင်း ဆိုသည်။ သူ သူမကို မျက်နှာချင်းဆိုင်ဖြစ်သည်။

"မောင် နေကောင်းပါတယ် ဖြူရဲ့၊ မောင်က ကိစ္စတစ်ခုကို စဉ်းစားနေတာ၊ လုပ်သင့်မလုပ်သင့်ပေါ့"

"ဘာကိုလဲမောင်"

သူမက ဘေးလွယ်အိတ်ထဲမှ ကတ္တီပါဗူးကို မီးခံသေတ္တာတွင် ထည့်ရင်းက မေးသည်။ သူ ဟက်ခနဲရယ်ဖြစ်သည်။





"မောင်လည်း ကျေးဇူးသိတတ်တဲ့အနေနဲ့ ဖြူ့လိုပဲ မိဘတွေရဲ့လက်ဖွဲ့ကို ပြန်ပြီး ကန်တော့လိုက်ရင်ကောင်းမလားလို့"

"ရှင်"

မီးခံသေတ္တာကို 'ဂျောက်'ခနဲပိတ်ရင်း သူမမျက်လုံးတွေ ပြူးကာသွားသည်။ ပြီး သူ့ရှေ့ကို ရောက်လာသည်။

"ဖြူ နားမရှင်းဘူးမောင်၊ မောင်က ဘာကိုပြန်ကန်တော့မှာလဲ"

သူမ၏ အမေးစကားကြောင့် သူပြုံးမိသည်။

"ဒီလိုပါမိန်းမရယ်၊ မိန်းမက မိန်းမရဲ့မိဘတွေ လက်ဖွဲ့တဲ့ သိန်းတစ်ရာကို မနက်ဖြန်ပြန်ပြီး ကန်တော့လိုက်မှာမဟုတ်လား"

"အင်းလေ မောင်ရဲ့၊ ဖေဖေက ခွဲစိတ်အထူးကုပီပီ လက်လှူပ်မှ ပါးစပ်လှုပ်ရတာ၊ ပြီးတော့ စင်ကာပူမှာ ကျောင်းတက်နေတဲ့ ဖြူ့အစ်ကိုနဲ့ ဖြူ့မောင်လေးရဲ့ တစ်လတစ်လ ကျောင်းစရိတ်က နည်းတာမဟုတ်ဘူး၊ အခုတောင် စရိတ်ချွေတာတဲ့အနေနဲ့ ဖြူ့မင်္ဂလာဆောင်ကို လေယာဉ်လက်မှတ်ဖိုး သက်သာအောင် မပြန်လာကြတာပဲကြည့်၊ အဲဒီလို အဖက်ဖက်က ချွေတာနေတဲ့ အချိန်မှာ ဖေဖေ့ရဲ့ ချွေးနည်းစာကို ဖြူ မယူရက်ပါဘူး"

စကားအရှည်ကြီးကို ပက်ခနဲ ပက်ခနဲ ရေပက်မဝင် Non Stop ဆိုသော သူမကိုကြည့်ရင်း 'သူ့မိဘကျတော့ သိတတ်လိုက်တာ'ဟု ခပ်ချဉ်ချဉ်ပင် တွေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ. . . မောင်လည်း ဒီလိုပဲပေါ့၊ မောင့်ရဲ့မိဘနှစ်ပါး လက်ဖွဲ့တဲ့ အိမ်ရော၊ ကားရော၊ စိန်ထည်တွေရော မနက်ဖြန်မိုးလင်းတာနဲ့ သွားပြီးပြန်ကန်တော့လိုက်မယ်၊ သူတို့ချွေးနည်းစာတွေ မောင်မယူရက်ဘူး"

သူ တမင်ပင် ခပ်ရွဲ့ရွဲ့ဆိုဖြစ်သည်။

"မောင်ရယ် ဖေဖေတို့ မေမေတို့ စိတ်မကောင်းဖြစ်သွားမှာပေါ့၊ မင်္ဂလာဦး လက်ဖွဲ့တွေပဲမောင်ရယ် ပြန်မပေးကောင်းပါဘူး၊ ပြီးတော့ မောင့်ဖေဖေတို့က ပိုလို့လျှံလို့ လက်ဖွဲ့တာပဲဥစ္စာ၊ ဖြူ့ကို လိုက်မတုပါနဲ့မောင်ရယ်၊ ကလေးလည်းမဟုတ်ဘဲနဲ့"

သူမ၏စကားကြောင့် သူ မချိပြုံး ပြုံးဖြစ်သည်။

"မိန်းမ မင်းက စကားမတတ်ရှာဘူးနော်၊ မင်းမိဘတွေ လက်ဖွဲ့တာကျတော့ ချွေးနဲ့စာ၊ မောင့်မိဘတွေရဲ့ လက်ဖွဲ့ကတော့ ပိုလို့လျှံလို့ ဟုတ်လား"

"ဟုတ်တယ်လေ မောင်ရဲ့၊ ဖေဖေက ဝန်ထမ်းလေ၊ မောင့်ဖေဖေလို ကုမ္ပဏီပိုင်ရှင်မှ မဟုတ်တာ၊ ဖေဖေ့ငွေတွေက ခြစ်ခြုပ်စုထားရတာ"

သူမက ပေါ့ပေါ့ပါးပါးပင် ပြန်၍ဆိုသည်။

"ဩော်. . . အေး ဟုတ်တယ်၊ ငါ့မိဘတွေကကျတော့ မိုးပေါ်က ကျလာတဲ့ငွေတွေ ရထားတာ၊ ထီပေါက်ထားတာ၊ အလကားရထားတာတွေချည်းပဲ"





သူ ခပ်ချဉ်ချဉ်ပင် ဆိုဖြစ်သည်။

"မောင် မရိုနဲ့နော်၊ ဘာလဲ မောင်က အဲဒီငွေသိန်းတစ်ရာကို မက်မောနေတာလား၊ အဲဒါကြောင့် ဒေါသထွက်နေတာလား"

"ဘာ"

ပက်ခနဲ ပြန်၍ဆိုသော သူမ၏စကားကြောင့် သူ 'ဘာ' ဟု ဆိုဖြစ်သည်။

"ဒီမှာ ဖြူ၊ မင်းမိဘတွေ လက်ဖွဲ့တယ်ဆိုတဲ့ သိန်းတစ်ရာကလေ မောင့်မိဘတွေ လက်ဖွဲ့လိုက်တဲ့ စိန်ထည်တွေထဲက နားကပ်တစ်ရံဖိုးတောင်မရှိဘူး နားလည်လား၊ ငါလိုကောင်က ပိုက်ဆံမက်ရင် မင်းကိုယူပါ့မလား၊ ငါ့ဘေးမှာ ဝိုင်းဝိုင်းလည်နေတဲ့ သူဌေးသမီးတွေထဲက ရွေးယူလိုက်မှာပေါ့"

သူ့စကားကို သူမက ဘာမှပြန်၍မဆို၊ တစ်ဖက်သို့သာ မျက်နှာကို ချာခနဲလွှဲသည်။

"ငါက မင်းရဲ့ယောကျ်ားလေ၊ ဒီအိမ်ထောင်ရဲ့ အိမ်ဦးနတ်၊ မင်းဘာလုပ်လုပ် ငါ့ကိုတိုင်ပင်ပြီးမှ လုပ်ရမှာ၊ အခု မင်းလုပ်ပုံက ယောကျ်ားကို တိုင်ပင်စရာမလိုဘူး၊ ကိုယ်လုပ်ချင်သလို လုပ်လို့ရတယ်၊ ငါ့ကို ထည့်မတွက်ဘူးဆိုတဲ့ အချိုးမျိုး၊ အဲဒီလိုချိုးတာကို မခံချင်လို့ ပြောနေတာ"

သူမက သူ့စကားအဆုံးမှာ နှုတ်ခမ်းကိုမဲ့သည်။

"မောင်ရေ. . . ဖြူ့မိဘတွေ သိပ်အဆင်မပြေလို့



www.burmeseclassic.com

www.burmeseclassic.com



ဒီလက်ဖွဲ့ငွေကို ပြန်ကန်တော့လိုက်ရအောင်နော်လို့ ပြောလိုက်တော့ ငါက တားမှာမို့လို့လား၊ ငါ့ဘဏ်စာအုပ်ထဲကငွေတောင် အပိုဆောင်းပြီး ကန်တော့လိုက်ဦးမယ်၊ အခုဟာက ဘလိုင်းကြီး မင်း ငါ့ကိုကြောတာ၊ တိုင်ပင်စရာမလိုပါဘူး၊ ခေါက်ထားစမ်းပါ ဆိုတဲ့အချိုးမျိုး"

"ဖြူ အဲဒီလို မရည်ရွယ်ခဲ့ဘူးမောင်၊ ဖြူ့ဘက်က မှားသွားတယ်ဆိုရင် ဖြူ တောင်းပန်ပါတယ်၊ ဒါပေမဲ့ ဖြူ့ကို မင်းတွေငါတွေနဲ့တော့ မအော်ပါနဲ့၊ ဖြူ မခံစားနိုင်ဘူး"

ရှိုက်ကာ ရှိုက်ကာဆိုရင်း သူမက မင်္ဂလာခုတင်ကြီးပေါ် မှောက်နှာအပ်ကာ ငိုသည်။ ဒီလိုဆိုပြန်တော့လည်း သူစိတ်မကောင်း။

မင်္ဂလာဦးညမှာ ခွန်းကြီးခွန်းငယ် စကားများကြသည်ကို ပတ်ဝန်းကျင် ကြားလို့မှမကောင်း။ သူ စိတ်ကို လျှော့ဖြစ်သည်။

သူငယ်ချင်းအရင်းခေါက်ခေါက်များကို ဒင်နာကျွေးဖို့ ဘတ်ချလာနိုက်လုပ်ဖို့က ရှိသေးသည်။

"ကဲ. . . ကဲ ငိုမနေတော့နဲ့၊ ရေလေးဘာလေးထချိုး၊ ခဏနေဆိုရင် ခိုင်မြတို့ လာကြိုကြတော့မှာ"

တစ်ယောက်တည်း ရေရွတ်သလိုလိုနှင့် ဆိုသော သူ့စကားအဆုံးမှာ သူမက ခေါက်ခနဲထထိုင်သည်။ ပြီးတော့ မချိုမချဉ်ပြုံးသည်။

ဦး၊ မို၊ ၁၁ ၁ ၀



"မောင် ဒင်နာမှာလေ မောင့်မိဘတွေ လက်ဖွဲ့ထားတဲ့ စိန်ထည်တွေ ဝတ်သွားမယ်နော်မောင်၊ ဝတ်ချင်လို့တော့ မဟုတ်ဘူးပေါ့မောင်ရယ်၊ မောင့်ရဲ့ မိဘအသိုင်းအဝိုင်းဂုဏ်နဲ့ဆိုတော့ မဝတ်ချင်လည်း ဝတ်သွားမှ သင့်တော်မှာမဟုတ်လား"

"ဖြူ. . . မင်းလေ မင်းသမီးပဲလုပ်တော့၊ စကားလုံးတွေလည်း သိပ်ကြွယ်ဝတယ်၊ စာရေးဆရာမပါ လုပ်လိုက်၊ အခုပဲငိုလိုက်၊ အခုပဲပြုံးလိုက်နဲ့ တစ်ခန်းထဲနေရမှာတောင် ကြောက်လာပြီ"

ခပ်ရွတ်ရွတ်ဆိုသော သူ့စကားကြောင့် သူမက ခစ်ခနဲ လုပ်ကာရယ်သည်။ ပြီး သူ့ကို နောက်မှနေ လာ၍သိုင်းဖက်ထားရင်း. . .

"မောင့်စကားတွေကို စိတ်ဆိုးလို့ရမလားမောင်ရဲ့၊ မောင့်ဘက်က မှန်နေတာပဲဥစ္စာ၊ နောက်ဆိုရင် မောင့်စကားကို လုံးဝ မြေဝယ်မကျ နားထောင်မှာ၊ မောင်ကလည်း ဖြူစိတ်မကောင်းအောင် ခနဲ့သလိုလို ရွဲ့သလိုလိုနဲ့ အိမ်တွေကားတွေ ပြန်ကန်တော့မယ်၊ ပြန်ကန်တော့မယ်နဲ့ မနောက်ရဘူး၊ ဒါပဲ"

စကားသိပ်မတတ်ရှာသော သူမက သူ့ကို 'မနောက်နဲ့' ဆိုသောစကားဖြင့် ရအောင်ချုပ်သည်။

"နောက်နေတာမဟုတ်ဘူး၊ အတည်ပြောတာဗျ၊ အတည်ပြောတာ"

ဦး၊ မို၊ ၁၁ ၁ ၀

www.burmeseclassic.com

www.burmeseclassic.com



သူ ခပ်တည်တည်ပင် ဆိုဖြစ်သည်။

"ဟောကြည့်. . . ပြောရင်းဆိုရင်း နောက်ပြန်ပြီ၊ ကဲ ကဲ ဖြူ ရေချိုးလိုက်ဦးမယ်၊ ပြီးရင် မောင်ချိုးနော်"

သူမက စကားတို ရအောင်ဖြတ်သည်။

"အတူတူချိုးမယ်လေ"

"မောင်နော်"

သူ့အဆိုကြောင့် သူမက ရှက်အမ်းအမ်းဖြင့် မျက်စောင်းထိုးသည်။ ဘာရယ်မဟုတ် သူပြုံးဖြစ်သည်။

ဘာလိုလိုနှင့် ဘဝမှာ မင်္ဂလာဦးညတွေ ဘာတွေ ဖြတ်ကျော်ရန် အချိန်တို့က ရောက်ရှိကာလာခဲ့ပြီကိုး။

× × × ×





A man is twice happy, when he marries and when he burns his wife.

ယောက်ျားတစ်ယောက်သည် မင်္ဂလာဆောင်သည့်အခါ နှင့် ဇနီးဖြစ်သူကို သင်္ဂြိုလ်သည့်အခါ နှစ်ကြိမ်တိတိပျော်ရ၏။

***Motenegrin Proverb***

× × × ×



www.burmeseclassic.com

www.burmeseclassic.com



"ငါမင်းကို တိုးတိုးလေး ပြောပြမယ်၊ လာ"

ရန်နောင်က သူ့ကိုဆိုရင်း လာဟုခေါ်သည်။ ပြီး နားနား ကပ်တာ စကားပုံတစ်ခုကို ရေရွတ်ပြသည်။ ခိုင်မြကပါ ဝင်၍ နားထောင်သည်။

"လောကကြီးမှာ ငါတို့ယောကျ်ားတွေ နှစ်ကြိမ်ကြီးများ တောင် ပျော်ရတဲ့အချိန်ရှိတယ်ကွ၊ တစ်ကြိမ်က လက်ထပ်တဲ့အခါ၊ နောက်တစ်ကြိမ်က မိန်းမကို သင်္ဂြိုလ်တဲ့အချိန်တဲ့ကွ၊ အဟီး ဟီး"

ရန်နောင်က သူ့စကားနှင့်သူ ဟီးဟီးဟု ရယ်သည်။

"ဒါဖြင့် ငါတို့တွေ တစ်ကြိမ်တော့ပျော်ရပြီ၊ နောက်





တစ်ကြိမ်ပျော်ဖို့ပဲ ကျန်တာပေါ့"

"ဒါပေါ့"

သူ၏ခပ်နောက်နောက်အဆိုကို ခိုင်မြက 'ဒါပေါ့'ဟု ထောက်ခံသည်။ ပြီး တခွီးခွီးရယ်ဖြစ်ကြသည်။

"ကဲ ကဲ သက်မောင်မောင်ရေ မင်းတို့ငါတို့တွေ မကြာခင် မှာ နောက်တစ်ကြိမ်ပျော်ကြမယ်ဟေ့၊ လာထား ချီးယားစ်"

"ဂွပ်"

"ခွပ်"

"ခွပ်"

ဖန်ခွက်ချင်းတိုက်ကြရင်း တခွီးခွီး တဟီးဟီးဖြစ်နေသော သူတို့သုံးယောက်ကို အမျိုးသမီးများက မသက်သာသလိုကြည့်နေကြ သည်။

"နင်တို့တွေ ဣန္ဒြေမရကြဘူးနော်၊ တခွီးခွီးနဲ့ ဘာပြောနေ ကြတာတုန်း၊ ဘာတွေကြုံနေကြတာတုန်း"

"ဟုတ်ပ. . . ပြောင်စပ်စပ်တွေနဲ့"

ခိုင်မြ၏ဇနီး မိုးသန္တာ၏အဆိုကို ရန်နောင်၏မိန်းမဖြစ်သူ မြတ်နိုးက ထောက်ခံသည်။ သူမကတော့ ပြုံးကြောင်ကြောင်ဖြင့် လှမ်းကြည့်သည်။ မိုးသန္တာက. . .

"ညီမလေးရေ အစ်မတို့ငါးယောက်က ရှစ်တန်းလောက် ကစပြီး ဘွဲ့ရတဲ့အထိ တွဲလာကြတော့ တစ်ယောက်အထာကို

www.burmeseclassic.com



တစ်ယောက် ကောင်းကောင်းကြီးသိနေတယ်၊ ဒီကောင်တွေ ဒီလို တခွိုးခွိုးဖြစ်နေကြရင် အကြံအစည်တစ်ခုခုရှိလို့ ဒါမှမဟုတ် အရည် မရ အဖတ်မရ ပြောနေကြတာပဲဖြစ်မယ်"

ဟု ဆိုသည်။

တကယ်လည်း ခိုင်မြတ်နိုးလင်မယားရော ရန်နောင်တို့ လင်မယားပါ ငယ်သူငယ်ချင်းအချင်းချင်း ပြန်ရထားကြသည်မို့ အတွင်းသိ အစင်းသိတွေဖြစ်ကာနေသည်။ အသက်ကလည်း ရွယ်တူတွေဖြစ်ကြ၏။

သူနှင့်သူမသာ အသက်ကွာသည်။ သူမက သူ့ထက် သုံးနှစ်ခန့်ငယ်သည်၊ အခုထိ ဘွဲ့မရသေး။ အဝေးသင်တက္ကသိုလ် ဒုတိယနှစ်ကို တက်နေဆဲ။

"ပြောပါဦး. . . ဘာတွေ ဒီလောက်တောင် ရယ်နေကြ တာတုန်း"

မြတ်နိုးက မေးငေါ့ရင်း ဆိုသည်။

"ဒီလိုပါဟာ. . . မိန်းမဆိုတာ ယူလိုက်တော့လည်း ရဖြစ် သွားတာပေါ့၊ အဖတ်တင်သွားတာပေါ့လို့ ပြောနေတာ"

"ဟုတ်တယ်"

"မှန်တယ်"

သူ၏ နောက်တောက်တောက်အဆိုကို သကောင့်သား နှစ်ကောင်က အာလေးလျှာလေးဖြင့် ထောက်ခံသည်။





"ကဲ. . . ကဲ ငါတို့တွေ နောက်တစ်ကြိမ် မကြာခင်မှာ ပျော်ကြဖို့ လာထား. . . ချီး. . . ယားစ်"

ရန်နောင်က အာခေါင်ခြစ်ကာ အားရပါးရ အော်သည်။ သူနှင့်ခိုင်မြင့်က 'ချီး. . . ယားစ်'ဟုဆိုကာ ခွက်တွေတိုက်ကြသည်။

မကြာခဏ ဖန်ခွက်တွေ တဂွပ်ဂွပ်တိုက်နေသော သူတို့ သုံးယောက်ကို မိန်းမသုံးယောက်က ငေါင်စင်းစင်းတွေ ကြည့်နေ ကြသည်။ သူတို့သုံးယောက်ကတော့ တစ်ယောက်တစ်လှည့်စီ အော်ကာ ခွက်တိုက်ကြဆဲ။

"နောက်တစ်ကြိမ် မကြာခင်မှာ ပျော်ရပါစေ လာထား"

"ချီးယားစ်"

"ခွပ်"

"ခွပ်"

"ခွပ်"

× × × ×



www.burmeseclassic.com

www.burmeseclassic.com



"မောင်. . . ထတော့လေ၊ breakfast စားရအောင်"

ခပ်ချွဲချွဲဆိုရင်း နှိုးသော သူမကြောင့် သူမျက်လုံးဖွင့်ဖြစ်သည်။

"ညကလေ. . . မောင်တစ်ရေးနိုးတော့ ဖြူ့ကိုကြည့်ပြီး မောင်လန့်သွားတယ်"

သူ့စကားကြောင့် သူမက နှုတ်ခမ်းစူရင်း 'ဘာဖြစ်လို့လဲ' ဟု မေးသည်။

"ဟ. . . ဝါ့ဘေးမှာ ဘယ်ကမိန်းမကြီး လာအိပ်နေပါလိမ့်လို့ တွေးမိလို့ပါ"





"အောင်မာမာ"

သူမက ဖက်လုံးဖြင့် သူ့ကို ဖုန်းခနဲရိုက်ရင်း မျက်စောင်းထိုးသည်။

"ဟုတ်တယ်လေ. . . လူမျိုးဘဝကတည်းက ခုတင်ပေါ်မှာ တစ်ယောက်တည်းအိပ်နေကျလေ၊ ဒီတော့ မနေ့ညက တစ်ရေးနိုးတော့ အိမ်ထောင်ကျထားတာကိုမေ့ပြီး ဘေးမှာလူရှိလို့ လန့်သွားတာ"

"ဒီလိုသာလန့်ကြေးဆိုရင် ဖြူလည်း မောင့်ကိုလန့်ရမှာပေါ့။ ဖြူကဖြင့် မလန့်ပေါင်"

သူမက မျက်နှာကိုချိုရင်း ဆိုသည်။

"ဘယ်လန့်ပါ့မလဲဖြူရဲ့၊ မောင်က ရုပ်ဖြောင့်တာကိုး"

"ဩော်. . . ဒီလိုဆို ဖြူကကြ ရုပ်ဆိုးတယ်ပေါ့။ အဲဒါကြောင့် လန့်တယ်ပေါ့ ဟုတ်လား မောင်နော်"

သူမက ပြောပြောဆိုဆိုဖြင့် သူ့ကို ဖက်လုံးဖြင့် လှမ်းရိုက်ပြန်သည်။ သူရှောင်လိုက်သည်မို့ လွတ်ကာသွားသည်။

သူမက ခုတင်အောက်ရောက်သွားသော သူ့ကို ခေါင်းအုံးဖြင့် လှမ်း၍ပစ်သည်။ သူ ခေါင်းအုံးကို ဖမ်းထားလိုက်ရင်းက သူမကို လျှာထုတ်ကာ ပြောင်ပြဖြစ်သည်။

သူမက ဖက်လုံးကိုကိုင်ကာ အနီးကပ်ပွဲသတ်မည့်အထာဖြင့် ပြေးလာသည်။ သူကိုရိုက်မည်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အနီးကပ်ရောက်လာသော သူမကို သူချုပ်ကာ ဖက်ထားလိုက်သည့်ကြားက သူမရုန်းသည်။ သူပိုမိုတင်းကြပ်စွာ ဖက်ထားသည်မို့ သူမ ရုန်းမရဘဲ ဖြစ်နေသည်။

"ကဲ. . . ကဲ ငြိမ်းချမ်းရေးယူကြမယ်၊ ဘယ်လိုလဲ"

ပြောင်ချော်ချော်ဆိုသော သူ့စကားကြောင့် သူမက. . .

"အားမတန်မှတော့ မာန်လျှော့ရတော့မှာပေါ့၊ နောက်ပွဲကျမှ လျှပ်တပြက်သိုင်းနဲ့တွေ့မယ်၊ ဟင်း"

ဟု ရွှတ်နောက်နောက်ပင် ဆိုသည်။

"လျှပ်တစ်ပြက် သိုင်းလောက်တော့ ပျင်းတာပေါ့၊ ဒီကကောင်က သိုင်းလောကမှာ ကျင်လည်လာတာ ဆယ်နှစ်ရှိပြီ၊ ဘာမှတ်နေလဲ"

တရုတ်သိုင်းဝတ္ထုများထဲမှ စကားများကို ဆိုရင်း နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ရယ်ဖြစ်ကြသည်။

အပြစ်ကင်းစင်စွာ ရယ်နေသော သူမကို မြတ်နိုးစွာကြည့်ရင်း သူမ၏နဖူးကို သူ ခပ်ဖွဖွနမ်းဖြစ်သည်။

အနမ်းဖြင့်စတင်သော နံနက်ခင်းသည် လန်းဆန်းလတ်ဆတ်လာနေသည်ကတော့ အမှန်ပဲဖြစ်သည်။

ဘာရယ်မဟုတ် မနေ့ညက ခိုင်မြတ်နှင့် 'ချီးယားစ်'လုပ်ခဲ့သည့် စကားပုံကို ပြန်တွေးရင်း သူပြုံးဖြစ်သည်။





"ဘာပြုံးတာလဲ"

"ဘာမှမဟုတ်ပါဘူး ဖြူရယ်၊ ကဲ ကဲ ထမင်းစားခန်းကစောင့်၊ မောင် မျက်နှာသစ်ပြီး ဘုရားရှိခိုးပြီးတာနဲ့ လာခဲ့မယ်"

"ဟုတ်"

သူမက ဟုတ်ဟုဆိုရင်း ထမင်းစားခန်းဘက် ထွက်ကာသွားသည်။ လောလောဆယ်ထိကတော့ အိမ်ထောင်သည်ဘဝသည် ကြည်နူးစရာ ကောင်းနေသေးသည်ကတော့ အမှန်ပဲဖြစ်၏။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမရေ"

"ပြော. . . ယောကျ်ား"

"ညနေစာ ဘာတွေချက်နေလဲ"

"မောင်ပြန်လာရင် သိရမှာပေါ့ မောင်ရဲ့"

"OK, see you later နော် မိန်းမ"

"အင်း"

ဖုန်းကိုကိုင်ရင်း ပြုံးပြုံးကြီးလုပ်နေသော သူ့ကိုကြည့်ကာ ခိုင်မြနှင့်ရန်နောင်က ခေါင်းကို ဘယ်ညာရမ်းသည်။

"အင်းပေါ့လေ. . . လောလောဆယ်ကတော့ မျောက်





အုန်းသီးရသလို ဖြစ်နေဦးမှာပေါ့၊ နည်းနည်းလည်းကြာရော အစည်းအဝေးထိုင်နေတယ်တို့၊ ရုံးမှာ over time ဆင်းရမယ်တို့ ဖြစ်လာမှာ မြင်ယောင်သေးတယ်"

ရန်နောင်က ဥပမာပေးကောင်းကောင်းနှင့် သူ့ကိုဆိုသည်။ ၎င်း၏ဥပမာအရ သူက မျောက်၊ ဖြူက အုန်းသီးဖြစ်နေသည်။

"ငါတို့က တစ်ယောက်ကိုတစ်ယောက် အရမ်းချစ်ကြတာကွ၊ မင်းတို့ပြောသလို မဖြစ်စေရဘူး ကြည့်ထား"

သူ ကော်လံကိုထောင်ကာ သကောင့်သားနှစ်ကောင်ကို ဆိုဖြစ်သည်။

"အေးပါ. . . ငါတို့လည်း မသေသေးပါဘူး၊ စောင့်ကြည့်ဦးမှာပါ၊ နောက်တော့မှ ငါတို့ကို အိမ်ကမိန်းမကကွာ ဆိုပြီးတော့ ရင်လာမဖွင့်နဲ့"

ခိုင်မြက သူ့ပခုံးကိုပွတ်ရင်း ဆိုသည်။

"ငါတို့နှစ်ကောင်တောင်မှ ငယ်ငယ်လေးကတည်းက ပေါင်းလာတဲ့ ဘော်ဒါကောင်မလေးကို ပြန်ယူတာကိုပဲ မင်္ဂလာဆောင်ပြီးမှ သူတို့ရဲ့အကျင့်တွေ တော်တော်များများသိရတာ၊ ဒါတောင် တော်တော်ကြီး အတွင်းသိအစင်းသိနော်၊ မင်းက ဖြူနဲ့ ရည်းစားသက်တမ်း တစ်နှစ်ကျော်ကျော်လေးနဲ့ ယူခဲ့တာဆိုတော့ စဉ်းစားသာကြည့်တော့"



www.burmeseclassic.com

www.burmeseclassic.com



ရန်နောင်၏ စကားအဆုံးမှာ သူ ပခုံးကိုသာ တွန့်ပြဖြစ်သည်။

× × × ×





"မောင် ဗိုက်ဆာပြီလားဟင်"

သူမ၏ အမေးကြောင့် သူ

"ဆာပြီပေါ့"

ဟု ဖြေဖြစ်သည်။ သူမက သူလှမ်းပေးသော လက်ဆွဲအိတ်ကို ကိုင်ထားရင်းက နှုတ်ခမ်းကိုကိုက်သည်။ ပြီး သူ့ကို မဲ့ပြုံတစ်ချက်ကြည့်သည်။

"ဘာဖြစ်လို့လဲ"

အကျီကြယ်သီးများကို ဖြုတ်ရင်း မေးသော သူ့အမေးကြောင့် သူမက ကုတ်ကိုပုသည်။ ပြီး လျှာကို တစ်လစ်လစ်ထုတ်



www.burmeseclassic.com

www.burmeseclassic.com



ရင်း. . .

"ဟိုလေ. . . ထမင်းချက်တာ ထမင်းမာသွားလို့ ပြန်ချက်ထားတယ်၊ အခုမှပွက်တုန်းဆိုတော့ ခဏလောက်စောင့်ပေးလို့ ပြောမလို့"

ဟု ဆိုသည်။

"ဩော်. . . မိန်းမရယ် ဘာများလဲလို့ စောင့်မှာပေါ့၊ မောင်က ဗိုက်သိပ်ဆာသေးတာမဟုတ်ဘူး၊ မောင်ရေချိုးဦးမှာနဲ့ ဆိုတော့ အကိုက်ပေါ့၊ ဟုတ်ပြီလား၊ ကဲ ကဲ မောင်ရေချိုးဦးမယ် နော်"

"ဟုတ်"

'ဟုတ်'ဟုဆိုရင်း သူမက သူ၏လက်ဆွဲအိတ်ကို နေသားတကျထားပြီး ထွက်သွားသည်။ သူကတော့ လေချွန်ရင်း ရေချိုးခန်းဆီ လျှောက်ဖြစ်သည်။

× × × ×





ရေချိုးပြီး ထမင်းစားခန်းဆီအလာ ထမင်းစားခန်းထဲမှ ထွက်လာသော သူမနှင့် တည့်တည့်ကြီးတိုးသည်။

"ဟော့တော် မောင်ရေချိုးတာကလည်း မြန်လိုက်တာ"

သူမက ခေါင်းကိုကုတ်ရင်း အံ့အားတသင့်ဖြင့် ရေရွတ်သည်။

"ဘာလဲ. . . ထမင်းမကျက်သေးလို့လား"

သူပြုံးရင်း မေးဖြစ်သည်။

"ကျက်တော့ကျက်ပြီ ဒါပေမဲ့"

သူမက နားရွက်ကိုပွတ်ရင်း ခေါင်းကိုကုတ်ရင်းဖြင့် 'ဒါပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့်'က မျက်လုံးကို ဖွင့်ချည်ပိတ်ချည် လုပ်သည်။

"ဒါပေမဲ့ ဘာဖြစ်လဲ၊ ထမင်းက မာသွားပြန်ပြီလား"

"ဟင့်အင်း"

"ဒါဖြင့် ဘာဖြစ်လို့လဲ"

"ပျော့သွားလို့"

ပြောရင်း သူမက ခေါင်းငုံ့ရင်း မရဲတရဲဆိုသည်။

"ဒါများဖြူရယ်. . . ညနေစာကို တချို့က ဆန်ပြုတ်တောင် ပြုတ်စားသေးတာပဲ၊ ပျော့သွားတော့လည်း အစာကြေလွယ်တာပေါ့၊ ကဲ ခူးလိုက် ခူးလိုက် ဘာဟင်းတွေချက်ထားတာတုန်း"

ထမင်းစားပွဲတွင်ထိုင်ရင်း သူမေးဖြစ်သည်။

"အစုံပဲ မောင်ရဲ့"

ထမင်းခူးကာ သူ့ရှေ့တွင် ထမင်းပန်းကန်ကို ချပေးရင်း သူမကဆိုသည်။ သူ့ပန်းကန်ထဲ ဟင်းများကိုထည့်ပေးရင်း သူမက သူ့ကို အရိပ်တကြည့်ကြည့်လုပ်ကာနေသည်။

"ဖြူ. . . စားလေ၊ ဘာကြည့်နေတာလဲ"

"ဖြူချက်ထားတဲ့ဟင်း ဘယ်လိုနေလဲဟင်"

သူမချက်ထားသည့် ဟင်းလက်ရာကို ချီးကျူးခံချင်နေသည်ကိုးဟု သူသိလိုက်ရသည်။ ထို့ကြောင့် ခေါင်းကိုညိတ်ပြကာ လက်မကို ထောင်ပြဖြစ်သည်။





"လုံးဝမိုက်တယ်၊ ဒီကြက်သားဟင်းလေးက ပိုမိုက်တယ်၊ ချဉ်ချဉ်စပ်စပ်ကလေး ချက်ထားတာ ထိုင်းစတိုင်လ်ဆိုတော့ ဂွတ်တယ်"

'ရှင်'ဟုဆိုရင်း သူမ မျက်နှာပျက်ကာသွားသည်။

"ကောင်းတယ်လို့ပြောတာလေ မိန်းမရဲ့၊ ဘာဖြစ်လို့လဲ"

သူ့အမေးကြောင့် သူမက နှုတ်ခမ်းကိုစူသည်။

"ဘာဖြစ်ရမှာလဲ မောင်ရဲ့၊ ဖြူချက်ထားတာက ထိုင်းစတိုင် ကြက်သားချဉ်စပ်ချက်ထားတာ မဟုတ်ဘူး၊ တရုတ်စတိုင် ကြက်အချိုချက်ထားတာ"

"အင်"

သူမ၏အဖြေကြောင့် သူ အင်ခနဲဖြစ်သွားရသည်။

"ဟင်းချက်နည်းစာအုပ်က မှားတာပဲဖြစ်ရမယ်၊ ဒီလောက် အတိအကျချက်ထားတာကို မှားသေးတယ်ဆိုတော့"

နောက်ဆက်တွဲဆိုသော သူမ၏စကားကြောင့် သူ ခွီးခနဲရယ်ဖြစ်သည်။ ပြီး အချိုချက် ချက်ထားတာ ဟုတ်လားဟု မေးဖြစ်သည်။

"မောင်. . . မနောက်နဲ့ကွာ"

သူမက ခေါင်းကြီးငုံ့ရင်း အရှက်သည်းစွာဆိုသည်။

"နေပါဦး. . . သမီးရည်းစားဘဝတုန်းက ဖြူပဲ အချက်အပြုတ် အရမ်းဝါသနာပါတယ်လို့ မောင့်ကို မကြာခဏပြော



www.burmeseclassic.com

www.burmeseclassic.com



သလားပါ"

"ပြောတယ်လေ၊ ဘာဖြစ်လဲ၊ ဖြူက ဝါသနာပါတယ်လို့ပဲ ပြောတာ၊ အချက်အပြုတ် ကျွမ်းကျင်ပါတယ်လို့ ပြောတာမှမဟုတ်တာ"

"မောင်. . . ဒီခါတ်ဗူးကလေ အသစ်မို့လားမသိဘူး အနံ့က တစ်မျိုးကြီးပဲ၊ ဘာနံ့မှန်းမသိဘူး စွဲနေတယ်၊ အဲဒီအနံ့ ပျောက်အောင် ဘာလုပ်ရမလဲမသိဘူးနော်"ဟု ဆိုသည်။

"အဲဒါပဲ အိမ်ရှင်မလုပ်မဲ့သူက ဒါလေးကိုတောင် မဖြေရှင်းနိုင်ဘူးဆိုတာတော့ မဟုတ်သေးဘူး"

သူ သူမကို စိတ်တိုအောင် ခပ်ရိရိဆိုဖြစ်သည်။

"မောင်ကရော အိမ်ရှင်ထီးဖြစ်နေပြီး သိလို့လား"

"သိပ်သိတာပေါ့"

သူမ၏အဆိုကို သူခေါင်းညိတ်ရင်း ဖြေဖြစ်သည်။

"ဒါဖြင့် ပြောကြည့်ပါဦး၊ မဟုတ်ရင် အသိပဲနော်"

သူမက လက်ညှိုးတစ်ချောင်းထောင်ကာ ကြိမ်းဝါးသလိုလိုနှင့်ဆိုသည်။ စာမရသော တပည့်ကို ကြိမ်းနေသည့် ဆရာမကြီးစတိုင်မျိုး။

"ကြက်ဥ. . . ဒါမှမဟုတ် ဘဲဥအခွံကို ခြေမွပြီးတော့ ခါတ်ဗူးထဲမှာ ရေထည့်ပြီး တစ်ညထားလိုက်၊ နောက်ရက်မှာ ခါတ်ဗူးထဲကအနံ့တွေ ဘာနံ့မှမရှိတော့ဘူး"





"မောင်က ဘယ်လိုသိတာလဲ"

သူမက အတွန့်တက်ရင်း မေးသည်။

"မောင်တို့အိမ်မှာ မောင်ငယ်ငယ်က မောင်ရယ်၊ ဖေဖေတို့ မေမေတို့ရယ် မိသားစုသုံးယောက်ပဲရှိတော့ မေမေ့ကို မောင်ရော ဖေဖေရော အိမ်အလုပ်တွေ ဝိုင်းကူကြတယ်လေ၊ ဒီတော့ သိတာပေါ့ ဖြူရဲ့၊ မောင် အသက်ကြီးလာတော့မှ အိမ်အကူခေါ်တာ"

"ဟင်. . . ဒါဖြင့် အိမ်အကူမခေါ်ခင်က မောင် ပန်းကန်တွေဘာတွေ ဆေးရမှာပေါ့နော်၊ ဆေးဖူးလား"

"ဆေးဖူးတာပေါ့"

သူ့အဖြေကြောင့် သူမ လက်ခနဲပြုံးသည်။

"ဒါဖြင့် ဖြူကိုလည်း မောင် ပန်းကန်ဆေးကူရမယ်နော်"

"မဆေးဘူး"

သူမ၏စကားအဆုံးမှာ သူခေါင်းကို ဘယ်ညာခါဖြစ်သည်။

"စောစောက မောင်ပဲပြောတယ်လေ၊ မောင်ဖေဖေက မောင့်မေမေကို အိမ်မှုကိစ္စတွေ ကူတယ်ဆို၊ အခု မောင်လည်း ဖြူကို ကူရမှာပေါ့"

သူမက ချည်ပြီးတုပ်ပြီး ဆိုသည်။ အပိုင်ချုပ်လိုက်သော သဘော။



www.burmeseclassic.com

"ဖေဖေ. . . မေမေ့ကို ကူတယ်ဆိုတာက မောင့်ကိုမွေးပြီးမှ အလုပ်တွေပိုလာလို့ ကူတာလေ၊ အခုလည်း မောင်က ဖြူကလေးမွေးပြီးမှ လုပ်ကူသင့်တာရှိရင် လုပ်ကူမယ်၊ ဒါပဲ"

သူလက်ပိုက်ရင်း ဆိုလိုက်သောစကားကြောင့် သူမက ရှက်ဝဲဝဲဖြင့် 'နားရှက်တယ်ကွ'ဟုဆိုသည်။ ပြီး ညစ်ကျယ်ကျယ်ပြုံးလျက်. . .

"ဒါပေမယ့်. . . ခေတ်ကာလတွေက ပြောင်းနေတာဆိုတော့ကာ ဖြူကတော့ အိမ်အကူခေါ်မှာပဲ"ဟု ဆိုသည်။

"အာ. . . ညားခါစလင်မယားနှစ်ယောက်ပဲ လွတ်လွတ်လပ်လပ်နေချင်တယ်၊ ဘာအကူမှမခေါ်ရဘူး ဒါပဲ"

သူ ခေါင်းကို ဘယ်ညာရမ်းရင်း ဆိုဖြစ်သည်။

"ခေါ်ဦးမှာ"

သူမကလည်း ခေါင်းကိုမော့ကာ 'ခေါ်ဦးမှာ'ဟု ရယ်ကျဲကျဲဖြင့် ဆိုသည်။

"ခေါ်လေ. . . ငယ်ငယ်ချောချော လှလှလေးကိုခေါ်နော်၊ ကြားဖူးတယ်မဟုတ်လား၊ ဓာတ်ရှင်တွေထဲမှာဆို အိမ်ရှင်ယောကျ်ားနဲ့ အိမ်အကူကောင်မချောချောလေးက ဘာညာဘာညာတွေဖြစ်၊ နောက်ဆုံး အပျှင်းထူတဲ့ အိမ်ရှင်မက နှလုံးရောဂါရ၊ အဲဒီလိုဇာတ်လမ်းကို ကိုယ်တွေ့ကြုံချင်လို့လား"

သူ၏ ပြုံးစိစိအဆိုကြောင့် သူမမျက်နှာ စူပုပ်ကာသွား





သည်။

"ကြည့်စမ်း. . . ကြည့်စမ်း ယောကျ်ားတွေမကောင်းဘူးဆိုတာ တကယ်ကြီးပါလားတော်၊ မခေါ်ရသေးတဲ့ အိမ်အကူကိုတောင်မှ ကြိုတင်ပြီးတော့ အတ္တာပြုနေပြီ၊ ကြားလို့မှ ကောင်းသေးရဲ့လား"

သူမက ဓာတ်ရှင်များထဲမှလို မဲ့ကာရွဲ့ကာဆိုရင်း ညာလက်ဖဝါးပေါ် ဘယ်လက်ဖဝါးဖြင့် တဖတ်ဖတ်ရိုက်ရင်းဆိုသည်။

"ဟ. . . ကိုယ်က ကိုယ်ကျင့်တရား အင်မတန်ကောင်းတဲ့ကောင်နော်၊ ဒါပေမယ့် သိတယ်မဟုတ်လား လောကကြီးမှာ ကျောက်တိုင်ကြီးတောင်မှ နှံ့ပါများရင် ယိုင်တတ်တယ်လို့ ဆိုတယ်မဟုတ်လား"

"အဲဒါ ဆင်ခြေတွေပါ"

သူမက ပက်ခနဲနေအောင် တုံ့ပြန်၍ဆိုသည်။

"ရပါတယ်. . . ခေါ်ပါ၊ အိမ်အကူခေါ်တော့ ဖြူသက်သာတာပေါ့၊ အဟမ်း. . . အဟမ်း. . . အ. . . ဟမ်း"

"မောင်နော်. . . မောင် ချောင်းလုပ်ဆိုးတဲ့အသံကို မကြိုက်ဘူး"

သူမက သူ့ကိုကြည့်ရင်း ဆိုသည်။

"ဟောဗျာ. . . ချောင်းဆိုးတဲ့ဟာပဲ ကြိုက်သလိုဆိုးမှာ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ ကဲ ဖြူက ဘယ်လိုဆိုးစေချင်လို့လဲ၊ ဒီလိုပြောင်းဆိုးရမလား၊ အဟွတ် . . . အာ . . . ဟွတ်"

"တော်ပါပြီ . . . ရပါပြီ၊ ပန်းကန်လည်း ဆေးမကူနဲ့တော့၊ အိမ်အကူလည်း မခေါ်တော့ဘူး ဟုတ်ပြီလား"

ပွစိပွစိဖြင့် ဆိုနေသော သူမကိုကြည့်ရင်း သူ ဟက်ခနဲ ရယ်ဖြစ်သည်။

"တောက် . . . အိမ်အကူမခေါ်တော့ဘူးဆိုပါလား၊ နာတယ်ကွာ"

ပန်းကန်များကိုသိမ်းကာ ဘေစင်တွင်ဆေးရန် ပြင်နေသော သူမက 'ဘာနာတာလဲ၊ ဘာနာတာလဲ'ဟု ခပ်ဆတ်ဆတ် မေးသည်။

"ဩော် . . . ဘာရယ်မဟုတ်ပါဘူး၊ ဖြူကိုယ်တိုင် ပန်းကန်တွေဆေးနေတာကို ရင်နာလို့ပြောတာပါ၊ အဟဲဟဲ"

သူ ညစ်ကျယ်ကျယ်ရယ်ဖြစ်သည်။

"ရယ်သံကိုက အဖြူရောင်သိုင်းသမားရယ်သံနဲ့ မတူဘူး၊ အနက်ရောင်သိုင်းသမားရယ်သံ၊ အနက်ရောင်သိုင်းသမားတောင်မှ ရိုးရိုးအနက်ရောင်သိုင်းသမား မဟုတ်ဘူး၊ နှာဗူးအနက်ရောင်သိုင်းသမား"

ပန်းကန်ဆေးရင်း ပွစိပွစိ ရေရွတ်နေသော သူမကိုကြည့်ရင်း သူပြုံးဖြစ်သည်။ သိုင်းဝတ္ထုများထဲမှ အသုံးအနှုန်းတွေ





သိပ်ကြိုက်သော သူမကို သူ့မျက်စိထဲမှာ စ,စရာ နောက်စရာ ကလေးတစ်ယောက်လို မြင်နေမိသည်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



"မောင်. . . ထတော့လေ၊ ၈ နာရီထိုးတော့မယ်၊ ကုမ္ပဏီကို ၉ နာရီအရောက်သွားရမှာမဟုတ်လား၊ ဒီအတိုင်းဆို နောက်ကျတော့မှာပဲ"

သူမက သူ့ကိုလှုပ်နှိုးရင်း ပွစိပွစိ ရေရွတ်သည်။

"ကိုယ့်ကုမ္ပဏီကိုယ်ပဲကွာ၊ ကြိုက်တဲ့အချိန်သွားမှာပေါ့၊ ဘယ်သူ့ကို ကြောက်နေရဦးမှာလဲ"

သူမျက်လုံးမဖွင့်သေးဘဲ သူမကို တမင်ဂျိုကျဖြစ်သည်။

"တော်ကြာ ယောက္ခမကြီးက သူ့သားမိန်းမရမှ အကျင့်ပျက်တယ် ထင်နေပါဦးမယ်၊ ထကွာ. . . ထ"



သူမက သူ့ပခုံးကိုတွန်းရင်း နှိုးပြန်သည်။

"မောင်အိပ်ချင်သေးလို့ပါ မိန်းမရယ်"

"မရဘူး. . . ထတော့ မောင်ရဲ့ အချိန်က လူကိုမစောင့်ဘူး"

"ဒါဖြင့် မောင့်ကိုဆွဲထ"

မျက်လုံးကို မဖွင့်သေးဘဲ ညာဘက်ကို သူမရှိရာဆီ ဆန့်တန်းပေးဖြစ်သည်။ သူမက သူ့လက်ကိုကိုင်ရင်း ဆွဲထသည်။ တမင်ပြန်၍ တောင့်ထားသည်မို့ သူမ သူ့ကို ဆွဲမထနိုင်ဘဲ ဖြစ်ကာနေသည်။ သူမက ဆွဲနေရင်း အားအလျှော့မှာ သူ သူမကို ဖိအဆွဲ အိပ်ရာထဲသို့ သူမ စွေ့ခနဲ လဲကျလာသည်။ လဲကျလာသော သူမကို သူ ခပ်တင်းတင်းဖက်ထားဖြစ်သည်။

"ဘာဖြစ်နေတာလဲ လွှတ်ကွာ၊ မုန်းစရာကြီး"

သူ့ရင်ဘတ်ကိုထုရင်း သူမ ရေရွတ်သည်။

"အာ. . . sorry . . . sorry လူမှားလို့နော်"

ရုတ်တရက် ထထိုင်ရင်း လက်ကိုကာလျက် မချိမချဉ်ဆိုသော၊ သူ့စကားကြောင့် သူမက 'လူမှားလို့. . . ဟုတ်လား'ဟု ရေရွတ်သည်။

"ဟုတ်တယ်၊ မောင့်စိတ်ထဲမှာ ဖြူခေါ်ထားတဲ့ အိမ်အကူကောင်မလေးထင်လို့ အဟဲဟဲ"

"အောင်မာမာ. . . မောင်နော်၊ စောစောစီးစီး လူတိုစိတ်

www.burmeseclassic.com



တိုအောင်မလုပ်နဲ့၊ ချက်ရပြုတ်ရတာ ပင်ပန်းရတဲ့ကြားထဲ အမောဆို့အောင်မလုပ်နဲ့"

သူမက ခုတင်ပေါ်တွင်ထိုင်ရင်း ဆောင့်ကြီးအောင့်ကြီးဖြင့်ဆိုသည်။

"ချက်ရပြုတ်ရတာ မောရင် အိမ်အကူတစ်ယောက်လောက် ခေါ်ပါလားဖြူရာ၊ ဖြူလည်း အမောပြေ၊ မောင်လည်း အမောပြေပေါ့ မကောင်းဘူးလား"

"မောင်နော်. . . ကဲကွာ"

စိတ်တိုလာဟန်ဖြင့် သူမက ခုတင်ခေါင်းရင်းရှိ မွေ့ယာပွရုပ်ငယ်ဖြင့် သူ့ကိုလှမ်းပစ်သည်။ သူ ခပ်သွက်သွက်ရှောင်လိုက်ရင်း အိပ်ခန်းအပြင် ပြေးထွက်ကာ တံခါးကိုပိတ်ဖြစ်သည်။

ရေချိုးခန်းတွင် မျက်နှာသစ်ရင်း ဒေါသထွက်နေသော သူမပုံစံကို ပြန်မြင်ယောင်ကာ ဟက်ခနဲ ရယ်မိသည်။

ထမင်းစားခန်းသို့ သူရောက်လာသောအခါ သူမက သူ့ကို ပေစောင်းစောင်းဖြင့် မကြည်ကြည့်ကြည့်သည်။

စိတ်တိုစွာ ကြည့်နေမှန်းသိသည်မို့ သူ တမင်ပင် ပြောင်ချော်ချော်လုပ်ရင်း မျက်စိတစ်ဖက် မှိတ်ပြဖြစ်သည်။

"လူကိုလာမပြောင်နဲ့နော်"

"ဩော်. . . ဟုတ်သားပဲ၊ sorry sorry လူမှားပြီး မျက်စိမှိတ်ပြဖြစ်တာ၊ စိတ်မရှိနဲ့နော်၊ လူမှားလို့ လူမှားလို့"

ဦး၊မို၊၁၁၆ပ



သူ့စကားအဆုံးမှာ သူမက သူ့ဆီ ဆတ်ခနဲရောက်လာရင်း 'မှားဦး. . . မှားဦး'ဟုဆိုကာ ဗိုက်ခေါက်ကို ဆွဲလိမ်သည်။

"အား. . . နာတယ် ဖြူရ"

"နောက်ဆို လူမှားတယ်လို့ ပြောဦးမလား ပြော"

သူမက အံကြိတ်ရင်း မေးသည်။

"အိမ်အကူကို စိတ်ချလက်ချခေါ်ပါ ဖြူရယ်၊ မောင်က မလစ်ရင်မလုပ်ဘူး"

"ဘာ. . . ကဲ"

"အား. . . ဖြူ နာတယ်၊ တကယ်အတည်ပြောတာ"

နာကလည်းနာ ရယ်ကလည်းရယ်ချင်ဖြင့် သူအော်ဖြစ်သည်။ သူမကတော့ မျက်နှာတွေနီမြန်းရင်း စိတ်ဆိုးကာနေဆဲ၊

× × × ×

ဦး၊မို၊၈၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



"မိန်းမရေ. . . မောင်ပြန်လာပြီ"

ကုမ္ပဏီမှအပြန် အိမ်တံခါးဝမှအော်သော သူ့ဆီသို့ မနက်ခင်းဆီက မကြေလည်သေးဟန်တူသော မျက်နှာကြီးဖြင့် သူမ ရောက်လာသည်။

ပြီး ဘာမပြောညာမပြောဖြင့် လူကို ဘလိုင်းကြီး မျက်စောင်းထိုးသည်။

"ရော့"

သူမကြိုက်တတ်သော ဘဲကင်ပါဆယ်ဗူးကို လှမ်းအပေး သူမမျက်နှာ ဝင်းခနဲဖြစ်ကာသွားသည်။





"ဟယ်. . . ဘဲကင်ပါလား၊ ဖြူ စားချင်နေမှန်း မောင် ဘယ်လိုလုပ်သိတာလဲ၊ မောင်ကတော့ ချစ်ဖို့ကောင်းနေပြီ"

"ရှူး"

သူမ၏စကားအဆုံးမှာ 'ရှူး. . . တိုးတိုး'ဟု လုပ်ပြသော သူ့ကို သူမက 'ဘာလဲ'ဟု အံ့အားတသင့် ကြည့်သည်။

"တိုးတိုးပြောပါ ညီမလေးရယ်၊ အစ်ကိုကြီးရဲ့မိန်းမ ကြားသွားရင် လာလုစားနေပါဦးမယ်၊ သူကလည်း ဘဲကင်သိပ်ကြိုက်တာ သူမသိအောင်စားနော်၊ ကြားလား"

"မောင်"

အိမ်အကူနှင့် လူမှားပြီးပေးသလိုဆိုသော သူ့စကားအဆုံးမှာ သူမက အာခေါင်ခြစ်ကာအော်ရင်း 'ဘဲကင်ဗူး'ကို စားပွဲပေါ် တင်ကာ သူ့ဆီပြေးလာသည်။ ပြီး. . .

"ဒီတစ်ခါမိလို့ကတော့ နာပြီသာမှတ်၊ လူကို ဒီလောက်ထိ နောက်နေတာ လုံးဝမကျေနပ်ဘူး"

ဟုဆိုရင်း သူ့နောက်ကိုလိုက်သည်။

သူ ထိုင်ခုံများကို ပတ်ပြေးရင်း သူမကို ပြောင်ပြဖြစ်သည်။ သူ့နောက်လိုက်ရင်းမှ မောလာဟန်ဖြင့် သူမက ထိုင်ခုံမှာ ခြေပစ်လက်ပစ်ထိုင်ရင်း ဟောဟဲဆိုက်ကာနေသည်။

"မောင်က မိန်းမကိုချစ်လို့ စတာပါမိန်းမရယ်၊ ကဲ ကဲ ဘဲကင်လေးစားလိုက်ဦးနော်၊ မောင် ရေချိုးလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အခုပဲပြေးလွှားထားလို့ ချွေးထွက်နေတာ မဟုတ်လား၊ တော်ကြာ အပူရှပ်နေဦးမယ်၊ နားပြီးမှ ချိုး"

မမာသော်လည်း သိပ်မပျော့ပြောင်းသော အသံဖြင့် သူမ ဆိုသည်။ အမောမပြေသေးဟန်ဖြင့် ဆံပင်ကို သပ်တင်လိုက်သော သူမ၏ ဘယ်ဘက်လက်မမှ ပတ်တီးစကို သူ လှမ်းမြင်လိုက်ရ သည်။

"ဟာ. . . မိန်းမရဲ့လက်က ဘာဖြစ်တာလဲ"

"ပုလင်းနဲ့ရိုက်မိတာ"

"ဘာဖြစ်လို့တုန်း"

သူမဆီရောက်သွားရင်း သူမ၏လက်ကိုကိုင်ကာ သူမေး ဖြစ်သည်။

"ဘာဖြစ်ရမှာလဲ. . . ဟိုနေ့ကဝယ်ထားတဲ့ သကြားက အခုအခဲလိုက်ကြီးဖြစ်နေတယ်လေ၊ မာခဲပြီးတော့ ခွဲလို့လည်းမရ ဘူး။ အဲဒါနဲ့ပဲ သကြားခဲကို အိတ်ထဲပြန်ထည့်ပြီး အအေးပုလင်းနဲ့ ထုတာ လက်ကိုချော်ထုမိလို့"

သူမက လက်ကိုပင့်ပြရင်း အမူအရာဖြင့်ဆိုသည်။

"အဲဒါပြောတာပေါ့၊ မောင့်ကိုမေးပါတော့လား၊ နောက် အဲဒီလို သကြားခဲဖြစ်နေရင် အဲဒီသကြားခဲကို ဇလုံတစ်လုံးလုံးမှာ ထည့်၊ ပြီးတော့ အဝတ်ရေစိုနဲ့ တစ်ညပဲဖုံးထားလိုက်၊ မနက်ဆိုရင် သကြားက ခဲမနေတော့ဘူး၊ ဘာမှ ပုလင်းနဲ့ထုစရာမလိုဘူး"





"သိမှမသိတာ"

သူ့စကားအဆုံးမှာ သူမက နှုတ်ခမ်းစူရင်း ဆိုသည်။

"အင်း. . . မောင့်မိန်းမ အိမ်မှုကိစ္စတွေ မနိုင်နင်းပုံနဲ့က တော့ မဖြစ်သေးပါဘူး၊ အိမ်အကူခေါ်မှပဲဖြစ်မှာပါ"

ပြောင်ချော်ချော်ဖြင့်ဆိုသော သူ့စကားကြောင့် သူမက လာပြန်ပြီလားဟု အံကြိတ်ရင်း အော်သည်။

ဘာရယ်မဟုတ် ဒေါပွနေသော သူမကိုကြည့်ရင်း သူ ဟက်ခနဲရယ်ဖြစ်သည်။ သူမကတော့ သူ့ကို ဒိုင်းခနဲနေအောင် မျက်စောင်းထိုးသည်။ နဂါးမျက်စောင်းသာဆို သူ ပြာဖြစ်သွား လိမ့်မည်ထင်သည်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



There are only two good in the world, one is last and the other cannot be found.

ကမ္ဘာထဲ၌ ကောင်းသောမိန်းမမှာ နှစ်မျိုးတည်းသာ ရှိ၏။ တစ်မျိုးကား ပျောက်နေကာ ကျန်တစ်မျိုးမှာ မတွေ့နိုင်တော့။

***Pollsh Proverb***

× × × ×





ရန်နောင်က အမြန်ထွက်လာခဲ့ရန် ဖုန်းဆက်သည်မို့ ငှင်းချိန်းဆိုသောနေရာဆီ သူထွက်ခဲ့ဖြစ်သည်။

ချိန်းဆိုထားရာဆီ သူအရောက်မှာ စားပွဲပေါ်သို့ မှောက်ကာ ခေါင်းငိုက်စိုက်ကျနေသော ခိုင်မြနှင့် ဘေးမှာ စိတ်ပျက်လက်ပျက်ကြီးထိုင်နေသော ရန်နောင့်ကို တွေ့ရသည်။ ဘာဖြစ်တာလဲ ဟူသော အမူအရာဖြင့် သူမေးငေါ့ရင်း မေးဖြစ်သည်။

"ကဲ. . . ခိုင်မြရေ သေက်လည်းရောက်ပြီ၊ မင်းရင်ဖွင့်ချင်တယ်ဆိုတာ ဘာလဲ၊ မင်းလူစုံမှ ရင်ဖွင့်မယ်ဆိုလို့ ငါစောင့်နေတာ၊ တစ်နာရီပြည့်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



စိတ်မရှည်သံဖြင့်ဆိုသော ရန်နောင်၏စကားကြောင့် အနေအထားကို အနည်းငယ်တော့ သူသဘောပေါက်သွားသည်။

"ဘာဖြစ်လို့ ဒီလောက်ထိ မှုးအောင်သောက်ရတာလဲ မြကြီးရာ၊ ကဲ ထ. . . ထ ရင်ဖွင့်ချင်ရင်လည်း မင်းအိမ်ကိုပြန်ရောက်မှဖွင့်၊ ဒီလောက်မှုးနေတာ လူမြင်လို့မကောင်းဘူး"

၎င်း၏ပခုံးကို ကိုင်ရင်းဆိုသော သူ့စကားအဆုံးမှာ ခိုင်မြက ဆတ်ခနဲ ခေါင်းထောင်ကာကြည့်သည်။ ခေါင်းပင် မတ်မတ်မထောင်နိုင်သော သကောင့်သားက ဟက်ခနဲရယ်ရင်း သူ့ကို ရီဝေရှုမက စိုက်ကျနေသော မျက်လုံးဖြင့် လှမ်းကြည့်သည်။

ပြီး အာလေးလျှာလေးသံဖြင့်. . .

"ဘယ်လို. . . ဘယ်လို အိမ်ပြန်ရမယ် ဟုတ်လား၊ မပြန်ဘူး၊ အိမ်ပြန်ရင် အိမ်ကမိန်းမနဲ့ တွေ့နေရမှာပေါ့၊ မတွေ့ချင်ဘူး၊ အဲဒီမိန်းမနဲ့ ငါဘယ်လိုမှ ဆက်မပေါင်းချင်တော့ဘူး၊ ကွဲမလို့ဟေ့၊ ကွဲမလို့ကွ၊ အဲဒါကြောင့် မင်းတို့နှစ်ကောင်ကို လှမ်းခေါ်တာ"ဟု ဆိုသည်။

"မင်းကလည်းကွာ မပြောသင့်တာတွေ မပြောစမ်းပါနဲ့"

"အေးလေ. . . မင်းတို့နှစ်ယောက်လောက် ချစ်တာကလည်း မင်းတို့နှစ်ယောက်ပဲရှိတယ်၊ မျက်စိအောက်ကတောင် အပျောက်ခံနိုင်ကြတာမဟုတ်ဘူး"

ရန်နောင်နှင့်သူ တစ်ယောက်တစ်ခွန်းစီ ဆိုဖြစ်သည်။





"အဲဒါက ဟိုတုန်းကကွ၊ အခုတော့ မျက်စိအောက် အပျောက်မခံနိုင်တာမဟုတ်ဘူး၊ မျက်စိအောက် အရောက်မခံနိုင်တာ၊ မြင်ကိုမမြင်ချင်ဘူး"

ခေါင်းကောင်းကောင်း မထောင်နိုင်သော်လည်း စကားကိုတော့ အာလေးလျှာလေးဖြင့် ကောင်းကောင်းကြီး ဆိုနိုင်နေသေးသော ခိုင်မြကိုကြည့်ရင်း သူနှင့်ရန်နောင် သက်ပြင်းကိုယ်စီ ချဖြစ်ကြသည်။ သူ့စကားပြောရန် လည်ချောင်းကို ရှင်းဖြစ်သည်။

"မင်းတို့နှစ်ယောက် ဘယ်ကနေ ဘယ်လိုစပြီး ပြဿနာဖြစ်ကြတယ်ဆိုတာ မသိပေမယ့် ခုလိုသွေးပူတုန်းမှာ ဘာမှတွေးမနေနဲ့၊ ဘာမှလည်း အဆောတလျင် မဆုံးဖြတ်ပါနဲ့ကွာ၊ နောက်မှ ခေါင်းအေး. . . အေး"

"ဟကောင်. . . ငါ့ကို ဘာမှဆရာလာမလုပ်နဲ့၊ မင်းတို့က မိန်းမအကြောင်း ဘယ်လောက်သိလို့လဲ၊ မိန်းမဆိုတာ ဟို ပိုလန်စကားပုံထဲကလိုပဲကွ ကမ္ဘာမှာရှိတဲ့ ကောင်းတဲ့မိန်းမဆိုလို့ နှစ်မျိုးပဲရှိတယ်တဲ့၊ တစ်မျိုးက ပျောက်နေတယ်တဲ့၊ နောက်တစ်မျိုးက မတွေ့ရတော့ဘူးတဲ့ကွ၊ မှတ်ထား လောကကြီးမှာ မင်းတို့ငါတို့ အမေတွေကလွဲပြီး ငါတို့အပေါ်မှာ ဖြူစင်တယ်ဆိုတာ နိုး. . . မရှိဘူး၊ မိန်းမတွေဆိုတာ သာမှပေါင်းချင်တဲ့ သာပေါင်းတွေကွ၊ အေး"

စကားကို အရှည်ကြီးဆိုရင်း သကောင့်သား စားပွဲပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှောက်သွားပြန်သည်။ သူနှင့်ရန်နောင် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ဖြစ်ကြသည်။

သဘောက ဘယ်လိုလုပ်မလဲဆိုသည့် သဘော။

“သူမိန်းမဆီပဲ ပြန်ပို့ရအောင်”ဟု ရန်နောင်က ဆိုသည်။

“အေး. . . ကောင်းတယ်”ဟု သူခပ်တိုးတိုးပြော၍ ဆိုဖြစ်သည်။

“ဘာကွ”

ရှုတ်တရက်ကြီး ထအော်သော နိုင်မြ၏အသံကြောင့် သူတို့နှစ်ကောင် လန့်သွားကြသည်။ သို့သော် တကယ်တမ်းကျ နိုင်မြက ယောင်၍အော်ခြင်းဖြစ်သည်။

မူးတာ အိပ်ပျော်သွားပြီဖြစ်သော နိုင်မြကို နှစ်ကောင်သား ဝိုင်းမကာ သူ့ကားပေါ်တင်ဖြစ်သည်။

ငှင်းနောက် တားကို နိုင်မြနှင့် မိုးသန္တာတို့၏ အိမ်ဆီ ဦးတည်ဖြစ်သည်။

× × × ×



နိုင်မြတစ်ယောက် အဆင်ပြေမပြေမသိ။

မနက်မိုးလင်းလင်းချင်း နိုင်မြဆီ ဖုန်းဆက်ဖြစ်သည်။ ဖုန်းတိုလာကိုင်သူက နိုင်မြမဟုတ်ဘဲ မိုးသန္တာဖြစ်နေသည်။

“အေး. . . ကိုသတ်”

“အခြေအနေဘယ်လိုလဲ သန္တာ”

“ဘယ်လိုမှမလဲဘူး. . . နင်တို့သူငယ်ချင်း အရက်နာကျနေလို့ မထနိုင်ဘူး၊ ငါ့ကို ခေါင်းနှိပ်ခိုင်းလိုက်၊ သံပရာရည်ဖျော်ခိုင်းလိုက်နဲ့ လက်ကိုမအားရဘူး”

မိုးသန္တာ၏အဆိုကြောင့် သူပြုံးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ အခု ဒီကောင်က ဖုန်းတောင်မကိုင်နိုင်လို့ နင်ထကိုင်ရတယ်ပေါ့"

"အေး. . . ဟုတ်တယ်၊ ရော့၊ သူနဲ့ပြောလိုက်ဦး"

မိုးသန္တာ၏ စကားအဆုံးမှာ ဟဲလိုဆိုသော ညှောင်နာနာအသံကို သူကြားရသည်။

"ဟဲလို"

"အေး. . . ခိုင်မြ ဘယ်လိုလဲကွ"

"ခေါင်းတွေကိုက်နေတယ်ကွာ"

"အဲဒါကိုပြောတာ မဟုတ်ဘူး၊ မင်းပဲ မနေ့ညက မိန်းမနဲ့ကွဲမယ်ကွာမယ်တွေ အော်နေပြီးတော့ အခုဘယ်လိုလဲ ငါနဲ့ရန်နောင်နဲ့ကို သက်သေလုပ်ခိုင်းမလို့ဆို၊ အခုလာခဲ့ရမလား"

"ဟဲလို. . . ဟဲလို ဘာမှလည်းမကြားရပါလား"

သကောင့်သားက လူလည်ကျကာ မကြားရဟုဆိုသည်။

"ဟကောင် ဒါမျိုးတွေရှိနေပြီ၊ မနေ့ညက မင်းပြောသမျှကို အသံဖမ်းထားတယ်နော်၊ ပို့လိုက်ရမလား"

"မလုပ်ပါနဲ့ကွာ၊ နေမကောင်းဖြစ်နေတာမှ မဟုတ်တာ၊ ဘာကိစ္စ ဆေးခန်းသွားရမှာလဲ၊ ဒီမှာလည်း ငါ့မိန်းမက တစ်ဖဝါးမခွာ ပြုစုနေတာပဲကွာ၊ ဆေးခန်းကို မင်းတို့ပို့စရာမလိုပါဘူး၊ အိုကေ. . . အိုကေ နောက်မှဆုံမယ်၊ ငါ ဖုန်းပိတ်ပြီး အနားယူလိုက်ဦးမယ်"





အင်မတန်လည်သော သကောင့်သားက ပြောချင်သမျှတွေ ဇွတ်ပြောကာ မိန်းမထံမှ အမှတ်ယူပြီး ဖုန်းချကာသွားသည်။

"ခွေးကောင်"

သူ ဟက်ခနဲရယ်ရင်း ရေရွတ်ဖြစ်သည်။ သူမက သူ့ဆီရောက်လာရင်း ခုတင်စွန်းမှာ ဝင်ထိုင်သည်။

"ဘာတွေရယ်နေတာလဲ မောင်ရဲ့၊ စောစောစီးစီး"

သူ ခိုင်မြ၏အကြောင်းစုံကို ပြောပြဖြစ်သည်။

"နောက်တစ်ခါ မမိုးသန္တာနဲ့ဆုံမှ ချွန်လိုက်ဦးမယ်"

သူမက ပြောရင်းရယ်သည်။

"ဘာကိစ္စ. . . သူများလင်မယားကြားကို စကားအပိုတွေပြောမှာတုန်း၊ မောင် ရှုပ်ရှုပ်ယှက်ယှက်တွေ မကြိုက်ဘူးနော် ဖြူ"

သူ့စကားအဆုံးမှာ သူမက ဒိုင်းခနဲ မျက်စောင်းထိုးသည်။

"သူတို့ယောကျ်ားချင်းကြတော့ ရှိသမျှအပြစ်တွေ ဖုံးပေးကြပေါ့၊ မမိုးသန္တာလည်း သူငယ်ချင်းပဲမဟုတ်လား၊ ဒီလိုဘက်မလိုက်နဲ့လေ"

"ဟ. . . သူတို့ဘာသာသူတို့ အဆင်ပြေနေတဲ့ဥစ္စာ၊ မောင်က ဘာကိစ္စနဲ့ ပြန်ဆွပြီး အစဖော်ရမှာတုန်း၊ လောကကြီးမှာ မှန်တိုင်းလည်း မပြောရဘူးကွ၊ မှန်တာပြောလွန်းရင်လည်း ပြဿနာတက်တတ်တယ်"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကိုတည်ရင်းဆိုသော သူ့စကားကြောင့် သူမက ဟုတ်ပါပြီဟု ခပ်ဆောင့်ဆောင့်ဆိုသည်။ ပြီး ခုတင်ပေါ်မှ စောင်ကို ယူ၍ခေါက်သည်။

"ဒါနဲ့ မနေ့တ နားစွန်နားဖျားကြားလိုက်ပါတယ်၊ ဖေဖေ နယ်ပြောင်းရမယ်ဆို၊ ဘယ်ကိုတဲ့လဲ"

ယောက္ခမကြီး ရာထူးတိုးနှင့် နယ်ပြောင်းရမည့်သတင်းကို မေးဖြစ်သည်။

"မန္တလေးဘက်ကိုလို့ ပြောတာပဲ၊ အတိအကျတော့ မသိသေးဘူး"

"ဒါဖြင့် ဖြူတို့မေမေကရော လိုက်သွားရမှာပေါ့၊ အိမ်စောင့်လည်းရအောင် အိမ်ငှားခဲ့မယ်လို့ ပြောတာပဲ"

"အင်း. . . အဲဒါလည်း ကောင်းတာပဲ"

ပြောရင်း သူ ရေချိုးခန်းဘက် ထွက်ခဲ့ဖြစ်သည်။ စိတ်မှာတော့ တော်တော်လည်း ထောင့်စေ့တဲ့ယောက္ခမဟု တွေးမိသည်။ မင်္ဂလာဆောင်ပြီး လအတော်ကြာခဲ့ပြီ ဖြစ်သော်လည်း ယောက္ခမအိမ်ကို သူသိပ်မရောက်။ သူမကတော့ နှစ်ရက်တစ်ခါ သုံးရက်တစ်ခါဆိုသလို အကြောင်းမရှိ အကြောင်းရှာကာ သွားတတ်သည်။ သူကတော့ ဆယ်ရက် ဆယ့်ငါးရက်နေမှတစ်ခါ။ ဒါတောင် သူမခေါ်လွန်း၍ဖြစ်သည်။

× × × ×



ညစာစားပြီး နှစ်ယောက်သား ညှော်ခန်းမှာ ထိုင်ဖြစ်ကြသည်။

"မောင်"

"အင်း. . . ပြော"

"ဟိုလေ. . . စင်ကာပူမှာ ကျောင်းသွားတက်နေတဲ့ မောင်လေးက သန်ဘက်ခါပြန်လာမယ်လို့ ဖုန်းဆက်တယ်၊ အဲဒါ လေယာဉ်ကွင်းကို သွားကြိုရအောင်နော်"

"ကြိုလေ မိန်းမရဲ့၊ မောင်လည်း ဖြူနဲ့ ရည်းစားဖြစ်ပြီး အိမ်ထောင်သာကျခဲ့တာ၊ ဖြူ့ရဲ့မောင်လေးကိုရော၊ ဖြူ့ရဲ့အစ်ကို

www.burmeseclassic.com

www.burmeseclassic.com



ကိုရော တစ်ခါမှ မြင်ဖူးတာမဟုတ်ဘူး၊ သွားကြို့ရမှာပေါ့၊ ကိုယ့်ယောက်ဖပဲဥစ္စာ"

"ပြီးတော့လေ"

သူမက 'ပြီးတော့လေ'ဟုဆိုပြီး သူ့ကို တစ်ချက်မော့ကြည့်သည်။

"ပြောလေ. . . မိန်းမရဲ့၊ ဘာဖြစ်လို့လဲ"

"ဟို. . . မေမေတို့က တစ်အိမ်လုံး မန္တလေးပြောင်းသွားကြပြီဆိုတော့ မောင်လေးကလည်း မန္တလေးကိုပဲ လိုက်သွားရမှာလေ၊ အဲဒါ မန္တလေးမသွားခင် ဒီအိမ်မှာ တစ်ညလောက် နားပါစေနော်၊ မောင် မောင်စိတ်ကျဉ်းကျပ်နေမလားဟင်"

လက်ညှိုးတစ်ချောင်းထောင်ရင်း ဆိုသော သူမကိုကြည့်ရင်း သူရယ်ဖြစ်သည်။

"ဒါများဖြူရယ် တစ်ညမဟုတ်ဘူး တစ်လနေတော့ကော ဘာဖြစ်လဲ၊ တခြားသူစိမ်းလည်း မဟုတ်ဘူး၊ မောင့်ကို ပြောနေစရာလား"

"မဟုတ်ဘူးလေ မောင်ရဲ့၊ ယောက်ဖဆိုပေမယ့်လည်း မောင်တို့က မရင်းနှီးဘူးမဟုတ်လား၊ တော်ကြာ မောင် နေရထိုင်ရတာ မလွတ်မလပ်ဖြစ်နေမှာစိုးလို့ ဖြူက ကြိုကြိုတင်တင်ပြောတာပါ"

"အာ. . . ဘာမှမပူနဲ့၊ မောင်က လူချစ်လူခင်များတဲ့လူပါကွ၊ ဘယ်လိုလူနဲ့မဆို ဖြစ်အောင်ပေါင်းတတ်ပါတယ်"

သူ့စကားကြောင့် သူမက သက်ပြင်းကိုချသည်။

"ဒါနဲ့ ဖြူနဲ့မောင် တစ်ခါမှ စကားမစပ်မိကြလို့ မမေးဖြစ်ဘူး"

"အင်း. . . ဘာမေးမလို့လဲမောင်"

"မောင့်ယောက်ဖ အငယ်ကောင်က ဟိုမှာ ဘာသွားတက်နေတာလဲ"

"မောင်လေးက မိတ်ကပ်ဒီပလိုမာ သွားတက်နေတာလေ မောင်ရဲ့"

"ဘာ"

× × × ×







www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ကွင်း၌ မိတ်ကပ်ပညာသင်ကာ ပြန်လာမည့် ယောက်ဖငယ်ကို သူမနှင့်အတူ စောင့်နေဖြစ်သည်။

သိပ်ကြာကြာတော့ မစောင့်လိုက်ရ။

"မမ"

'မမ'ဆိုသော ညောင်နာနာအသံနှင့်အတူ ပန်းဆီရောင် တီရှပ်၊ ခရမ်းရောင် ဂျင်းဘောင်းဘီဖင်ကျပ်နှင့်အတူ ပြည်တော် ပြန်ယောက်ဖ ရောက်ချလို့လာသည်။

"ဟယ်. . . ကြည့်စမ်း၊ ကြည့်စမ်း ခဲအိုကို ဓာတ်ပုံထဲမှာ ပဲ မြင်ဖူးသေးတာ၊ အပြင်မှာက အရမ်းလန်းနေပါလား"





သူ၏လက်မောင်းကို ဆွဲခါရင်းဆိုသော ယောက်ဖ၏ စကားကြောင့် သူ အင်းရမလို အဲရမလို ဖြစ်ကာသွားရသည်။ ခဲအိုဆိုပါလား။ တကယ်ဆို ယောက်ဖဟုခေါ်မှသာ သဘာဝကျ မည်မဟုတ်လား။

"တဲပါမောင်လေးရယ် ခရီးပန်းရောပေါ့၊ လာ လာ အိမ်မှာနားပြီးတော့မှ ပြောစရာရှိတာပြောရအောင်"

သူမက သူမ၏မောင်ကို လက်ချိတ်ရင်း ကားဆီသို့ ဦးတည်သည်။ သူ သက်ပြင်းကိုသာ ဟင်းခနဲချဖြစ်သည်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



အိမ်အပြန် တစ်လမ်းလုံး မောင်နှမနှစ်ယောက် စကားတွေ ရေပက်မဝင်အောင် ပြောလာကြသည်မို့ ကားမောင်းရင်း သူနားတွေ ထူပူကာလာသည်။

"မမက ဘာ skin care မှ မလုပ်ဘူးထင်တယ်၊ ကြည့်ပါဦး အသားတွေ ခြောက်ခြောက်ကြီးဖြစ်နေတယ်၊ ခဲအိုတောင်မှ အသားအရေ fresh ဖြစ်နေသေးတယ်၊ မဖြစ်ပါဘူး မမကို ရောက်တုန်းလေး ပေါင်းတင်ပေးသွားဦးမှဖြစ်မယ်"

"လက်တည့်စမ်းတော့မယ်ပေါ့"

"မမနော်. . . မောင်လေးက စေတနာနဲ့ပြောတဲ့ဟာ ကို"





"စတာပါ ငါ့မောင်လေးရဲ့"

ကားနောက်ခန်းတွင်စီးရင်း စကားဖောင်ဖွဲ့နေသော မောင်နှမနှစ်ယောက်ကို နောက်ကြည့်မှန်မှကြည့်ကာ သူစိတ်လေနေသည်။

သူ့အိမ်တွင် တစ်ညအိပ်မည့်ယောက်ဖကို ယောက္ခမများရှိရာ မန္တလေးမှ တစ်လက်စထဲ ဆက်မှမသွားဟု တွေးမိသည်။ လေယာဉ်တွေက ပေါပါဘိသနဲ့။

"မောင်"

"အင်း. . . ပြော"

ကားမောင်းနေသော သူ့ကို လှမ်းခေါ်သည်မို့ သူထူးဖြစ်သည်။

"မောင်လေးကို ဒီည ဒင်နာ အပြင်မှာထွက်ကျွေးကြမယ်နော်"

"ကျွေးလေ ဖြူရဲ့"

သူ အတတ်နိုင်ဆုံး လေသံကိုလျှော့ထားရင်း ဆိုဖြစ်သည်။

"အဲဒါလေ. . . မောင် ကိုခိုင်မြဲတို့နဲ့ဆုံပြီးရင် ခြောက်နာရီခွဲလောက် အရောက်ပြန်လာခဲ့နော်၊ ဖြူတို့မောင်နှမ ရယ်ဒီပြင်ဆင်ပြီး စောင့်နေမယ်၊ မမေ့နဲ့နော်"

"အင်းပါ"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူ သက်ပြင်းရှောချရင်း အင်းဖြစ်သည်။

နိုင်ငံခြားပြန်ယောက်ဖကို Dinner ကျွေးရင်း မောင်နှမနှစ်ယောက် ရှေးဟောင်းနှောင်းဖြစ်တွေ ပြောမကုန်သည့်အချိန်မှာ ဘာများလုပ်နေရမည်မသိဟုလည်း တွေးဖြစ်သည်။

"မမအတွက်က လက်ကိုင်အိတ်လေးတွေ ဝယ်လာပေးတယ်"

"ဟုတ်လား. . . ဒါနဲ့ မမတို့လင်မယားနှစ်ယောက်စလုံးအတွက် မပါဘူးလား"

သူမက သူမ၏မောင်ကို တလေးတစ်ယောက်မေး သလိုမေးသည်။

"ပါတာပေါ့၊ ရေမွှေးဝယ်လာပေးတယ်"

"ကြားလား၊ မောင်၊ မောင့်ရဲ့ညီတော်မောင်က မောင့်အတွက် ရေမွှေးဝယ်လာပေးတယ်တဲ့"

သူမက သူ့ကိုလှမ်း၍ဆိုသည်။

"သြော်. . . အင်း ကျေးဇူးပါပဲကွာ"

ကားမောင်းရင်းက ဝတ်ကျေတန်းကျေဆိုဖြစ်သည်။ ရေမွှေးတဲ့လား။ သူက ရေမွှေးဆွတ်သော အလေ့အထမရှိ။ ရေမွှေးကို မကြိုက်။

သူ သက်ပြင်းကိုသာ ခပ်မှျင်းမှျင်းချဖြစ်သည်။

× × × ×





BURMESE CLASSIC .com

"ကဲ. . . ဘယ်လိုလဲ ခိုင်မြ၊ အခုတော့ ပြုံးစိစိကြီးနဲ့ပါလားကွ"

ရန်နောင်က သူနှင့်အတူဝင်လာသော ခိုင်မြကို ဆီး၍နှုတ်ဆက်သည်။

"ဘယ်လိုပြဿနာတက်ခဲ့လဲ ဆိုတာကတော့ မင်းတို့ရဲ့အတွင်းရေးမို့လို့ မမေးတော့ပါဘူး၊ ဘယ်လိုပြေလည်သွားလဲဆိုတာလည်း မမေးတော့ဘူး"

သူ၏စကားအဆုံးမှာ ခိုင်မြက. . .

"ဒါဖြင့် ဘာမေးချင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု စပ်ဖြီးဖြီးဖြင့်ဆိုသည်။

"မင်း အဲဒီလောက်ထိ မူးရူးနေအောင် သောက်လာတာကို မင်းမိန်းမက ပြဿနာမရှာဘူးလား၊ ပွစိပွစိရှုတ်ပြီးတော့လေ"

"မရှာဘူး"

ခိုင်မြဲက ခေါင်းကိုခါယမ်းရင်း ဆိုသည်။

"ဘာဖြစ်လို့မူးတာလဲလို့ကော မမေးဘူးလား"

"မေးတာပေါ့"

"မင်း ဘယ်လိုဖြေလိုက်လို့ အလျှောက်ကောင်းပြီး အထောင်းသက်သာသွားတာလဲ"ဟု ရန်နောင်က မေးသည်။

ခိုင်မြဲက ချက်ချင်းမဖြေသေးဘဲ ဟက်ခနဲရယ်သည်။

"လူပေါင်းမှားပြီး သောက်ခဲ့ရတာလို့ ပြောလိုက်တယ်"

"အောင်မာ. . . မင်းက ငါတို့နှစ်ကောင်ကို ခုတုံးလုပ်တာပေါ့၊ ခွေးကောင်"

ရန်နောင်က အရယ်တစ်ဝက်ဖြင့် ဆဲရေးသည်။

"ငါပြောပြလိုက်တာက ဒီလိုပါကွာ၊ လူပေါင်းမှားပြီး သောက်ခဲ့ရတာပါ မိန်းမရယ်၊ ကိုယ်သောက်ပြီးပြန်ရင် မိန်းမက သေချာပေါက် ပြဿနာရှာမှာပဲဆိုပြီး လောင်းကြတာလေ၊ ကိုယ်လည်း ကိုယ့်မိန်းမရဲ့ ယောကျ်ားအပေါ် ထားတဲ့အချစ်ကို ယုံလို့ သောက်ခဲ့တာလို့ ဖြေရှင်းလိုက်တယ်"

"ဒါနဲ့ မင်းမိန်းမက မင်းလိမ်သမျှ ယုံတာပဲလား"

သူရယ်ရင်း မေးဖြစ်သည်။ ခိုင်မြဲက ခေါင်းကိုယမ်း သည်။





"ဘယ်ယုံမလဲကွ၊ သူ့ကိုလာမညာနဲ့ဆိုပြီးတော့ ဗိုက်ခေါက်ဆွဲလိမ်တာပေါ့၊ အခုထိနာတုန်း"

ပြောရင်း ခိုင်မြဲက ဗိုက်ကိုပွတ်သည်။

"အေးပါကွာ. . . မင်းတို့လင်မယား အဆင်ပြေဖို့အတွက် ငါတို့က အသုံးချခံရပေမယ့်လည်း ငါတို့နှစ်ကောင်က အသုံးချခံရတယ်လို့ မမှတ်ယူပါဘူး"

"ခုတုံးအလုပ်ခံရတယ်လို့ပဲ သဘောထားပါတယ်"

သူနှင့်ရန်နောင် တစ်ယောက်တစ်ပေါက် ဆိုဖြစ်သည်။

"ဒါနဲ့ 'စ'လုံးက မင်းယောက်ဖ ပြန်လာတယ်ဆို"

"အေး"

"ဘာသွားတက်တာတဲ့တုန်း"

ရန်နောင်၏အမေးကို သူ ချက်ချင်းမဖြေဖြစ်။

"ဆံပင်နဲ့မိတ်ကပ်ပညာ ဒီပလိုမာတဲ့"

သူ့အဖြေကြောင့် သကောင့်သားနှစ်ကောင် ပြုံးဖြီးဖြီးကြီးတွေ ဖြစ်သွားကြသည်။ ခိုင်မြဲက လက်မထောင်ပြသည်။

"ကောင်းတာပေါ့ကွ၊ ဒီလိုယောက်ဖတစ်ယောက်ရှိတာ မင်းမိန်းမရဲ့ အလှပြင်စရိတ်တွေ သက်သာတာပေါ့၊ မင်းတောင် ဆံပင်အဆစ်ဝင်ညှပ်လို့ရသေးတယ်၊ အားကျတယ်ကွာ"

ခိုင်မြဲ၏ ပြောင်ချော်ချော်အဆိုကြောင့် သူ ခေါင်းကုတ်ဖြစ်သည်။

"အားကျရင်လည်း မင်းခယ်မနဲ့ ဒီကောင့်ယောက်ဖနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပေးစားလိုက်ပါလား၊ မင်းမိန်းမရော မင်းရော ဗိုကောင့်လို စားစရိတ်ငြိမ်းသွားတာပေါ့"

ရန်နောင်က အမြင်ကတ်ကတ်နှင့် ဝင်၍ဆိုသည်။

"ပေးစားစရာလားကွ၊ ငါ့ခယ်မက ကျောင်းတောင်မပြီးသေးဘူး"

ခိုင်မြက မျက်နှာကြီးမဲ့ကာ ဆိုသည်။

"ကဲ. . . ကဲ ရွှေယောက်ဖကို Dinner ကျွေးရဦးမယ်၊ ပြန်ပြီကွာ"

ဆိုင်းမဆင့်ပုံမဆင့်ပင် ထရပ်ရင်းဆိုသော သူ့စကားကြောင့် သကောင့်သားနှစ်ကောင်က လူထူးလူဆန်းလို သူ့ကိုမော့ကြည့်ကြသည်။

"ဘာလဲ. . . မင်းက ယောက်ဖကို ကြောက်နေတာလား၊ ဘာကောင်လဲကွဆိုပြီး ဆွဲထိုးပစ်ကွာ၊ ဘာ Dinner မှ ကျွေးမနေနဲ့"

"မင်းယောက်ဖကို Dinner မကျွေးရင် မင်းပါ ညစာတော်မှာစိုးလို့လား သေက်"

နောက်မှ တစ်ယောက်တစ်ပေါက် လိုက်အော်နေသော သကောင့်သားနှစ်ကောင်ကို လှည့်ပင်မကြည့်ဖြစ်ဘဲ နောက်ပြန်လက်ပြဖြစ်သည်။

× × × ×





BURMESE CLASSIC .com

ရွှေယောက်ဖကို Dinner ကျွေးပြီးအပြန်မှာ ပြဿနာကစသည်။

"မောင်လေး. . . စားလို့ကောင်းလားဟင်"

သူမ၏အမေးကို မောင်လုပ်သူက ခေါင်းညိတ်ရင်းဖြေသည်။

"ကောင်းတယ်၊ စားလို့ကလည်းကောင်း၊ ခရီးကလည်းပန်းဆိုတော့ မောင်လေးက အိပ်တောင်အိပ်ချင်လာပြီ"

"ဒါဖြင့်လည်း နားတော့လေ၊ မောင်လေးရဲ့အခန်းကိုပြန်ပြီးအိပ်တော့"



www.burmeseclassic.com

www.burmeseclassic.com



"မမ"

သူမ၏စကားအဆုံးမှာ ရွှေယောက်ဖက သူ့အစ်မ၏ လက်မောင်းကို ဆွဲခါရင်း 'မမ'ဟု မျက်စိမျက်နှာဖျက်ဖြင့် ဆိုသည်။

"ဘာဖြစ်လို့တုန်း"

သူမက သူမ၏မောင်ကို အမေးရှိသည်။

"မမကလည်း မောင်လေး သရဲကြောက်တတ်မှန်းသိရဲ့သားနဲ့ ဘယ်လိုလုပ်ပြီး မောင်လေးက တစ်ယောက်တည်း အိပ်ရဲမှာလဲလို့"

"မောင်လေးကလည်း စင်ကာပူထိတောင် သွားနေခဲ့ပြီးပြီပဲဥစ္စာ၊ အခုထိ ကလေးစိတ်ဝင်နေတုန်းပဲ၊ ဒီအိမ်မှာ ဘာသရဲမှ မရှိဘူး"

သူမက သူ့ကို ဖျတ်ခနဲ လှမ်းကြည့်ရင်းဆိုသည်။

"မသိဘူး. . . မသိဘူး၊ မောင်လေးကတော့ မမတို့အခန်းထဲ အတူတူလာအိပ်မှာပဲ၊ သရဲရှိရှိမရှိရှိ ကြောက်တာကကြောက်တာပဲ"

ခြေဆောင့်ကာဆိုရင်း ရှေ့မှနေ ဆတ်တောက်ဆတ်တောက် လျှောက်သွားသော ရွှေယောက်ဖကို သူမက လိုက်ကြည့်ရင်း သူ့ကို မော့ကာကြည့်သည်။

"မောင်. . . ဖြူတို့ခုတင်ဘေးက ကြမ်းပေါ်မှာပဲ မွေ့ယာခင်းပေးပြီးတော့ သိပ်လိုက်မယ်နော်မောင်၊ တစ်ညတလေပဲဥစ္စာ၊





နော်. . . နော်"

"အင်းပါ"

မ'အင်း'၍ မရသည့်အခြေအနေမို့ သူ မအင်းချင်အင်းချင်ဖြင့် အင်းလိုက်ရသည်။ သူမကတော့ သူ့ကို အားနာသလိုကြည့်သည်။

'တစ်ညတလေပဲလေ'ဟု တွေးရင်း သူသက်ပြင်းကို ချဖြစ်သည်။ သူနှင့်သူမ အိပ်ခန်းထဲရောက်ပြီး သိပ်မကြာခင်မှာပင် ရွှေယောက်ဖက ရောက်ချလာသည်။ ပြီး သူမတို့မောင်နှမနှစ်ယောက် ကြမ်းပေါ်မှာ မွေ့ယာခင်းပြီး အလုပ်တွေရှုပ်နေကြသည်။

သူ မျက်လုံးကိုမှိတ်ကာ အိပ်ပျော်နိုင်အောင် ကြိုးစားဖြစ်သည်။

"မမ"

"အေး. . . မောင်လေးပြော"

မျက်လုံးက မှိတ်ထားသော်လည်း နားကတော့ သူမတို့မောင်နှမနှစ်ယောက်၏အသံကို ရှင်းရှင်းကြီး ကြားနေရသည်။

"ဒီနေ့ သူငယ်ချင်းတွေနဲ့ ဖုန်းရတော့ သူတို့ကပြောတယ်"

"အင်း. . . ပြော ဘာတဲ့လဲ"

သူမက ခုတင်ပေါ်တက်လာရင်း သူ့မောင်ကို လှမ်း၍ ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ဝမ်ကနေ မိတ်ကပ်ပညာရှင်တစ်ယောက်က မွမ်းမံသင်တန်း တစ်ပတ်လာဖွင့်မယ်တဲ့၊ အဲဒါ မောင်လေး တက်လိုက်ရင်ကောင်းမလားဟင်"

ဆတ်ခနဲ သူ မျက်လုံးကို ပြန်ဖွင့်ဖြစ်သည်။ တစ်ပတ်လောက်ဆိုပါလား။ ထိုသင်တန်းတက်ဖြစ်ခဲ့လျှင် သူတို့လင်မယားအခန်းတွင် ယောက်ဖတ ညတိုင်းလာ၍ စက်တော်ခေါ်မည့်အရေးကို သူတွေးကာပူမိသည်။ အားကိုးတကြီး လှမ်းကြည့်သော်လည်း သူ့အကြည့်ကို သူမမမြင်။

"မောင်လေးရဲ့သဘောပဲလေ၊ ဒါမျိုးက ကြုံတောင့်ကြုံခဲဆိုတော့ ကြုံတုန်းလေး တက်သွားလိုက်ပေါ့ မောင်လေးရယ်၊ ဟုတ်တယ်မဟုတ်လားမောင်"

သူမက သူ့ကိုပါ စစ်ကူတောင်းနေပြန်သည်။ သူမကြားချင်ယောင်ဆောင်ကာ အိပ်ချင်ယောင်ဆက်ဆောင်ဖြစ်သည်။

"ဟော. . . မောင်ကတော့ အိပ်ပျော်သွားပြီ၊ ကြည့်ဦးမောင်လေးရဲ့အစ်ကိုကလေ မောင်လေးကို ရောက်တုန်းရောက်ခိုက် ကြာကြာနေစေချင်နေတာ၊ ဒီတော့ မောင်လေး သင်တန်းတတ်မှာနဲ့ဆို အကိုက်ပဲ အဟင်း. . . ဟင်း"

မျက်လုံးမှိတ်ထားရာကနေ သူ အံ့ပါကြိတ်မိသည်။ မဟုတ်တရုတ်တွေပြောလည်း ပြောတတ်သော မိန်းမ 'တွေ့ဦးမည်'ဟု စိတ်မှာ ကြိမ်းဝါးဖြစ်သည်။

× × × ×





A man without a wife is a man without thoughts.

ဇနီးမယားမရှိသော ယောကျ်ားသည်ကား အတွေးအခေါ်မရှိသည်သာ ဖြစ်၏။

***Finish Proverb***

× × × ×



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမမရှိတဲ့ယောကျ်ားက အတွေးအခေါ်မရှိဘူးတဲ့ ညီလေးရဲ့၊ ညီလေးလည်း မိန်းမယူဖို့စဉ်းစားဦးပေါ့၊ ကြိုက်တာရှိရင်ပြော လိုက်တောင်းပေးမယ်"

နံနက်စာစားရင်းက ဆိုသော သူ့စကားကြောင့် ရွှေယောက်ဖက တီကိုဆားနှင့်တို့လိုက်သလိုမျိုး တွန့်ခနဲဖြစ်ကာ သွားသည်။

"အို . . . ကိုသက်ကလည်း သူများက ဒီကိစ္စတွေ မစဉ်းစားချင်သေးပါဘူး၊ သူများကပေါ့နော် အလုပ်တွေကိုပေါ့နော် ဒီလိုလူပျိုဘဝနဲ့ လွတ်လွတ်လပ်လပ်လေးပေါ့နော်





အေးအေးဆေးဆေးလုပ်ချင်တာ"

'စာတစ်ကြောင်း ငှင်း ဆယ်ခါပါ'ဆိုသလို ရွှေယောက်ဖက 'ပေါ့နော်'တွေကို မနားတမ်းထည့်ကာ ထည့်ကာဆိုသည်။

"အချိန်တန်ရင် နွားပိန်ကန်ပါလိမ့်မယ် မောင်ရယ်"

သူမက သူမ၏မောင်ကို ငှင်းကိစ္စ မပြောစေလိုဟန်ဖြင့် သူ့ကို စကားပိတ်သည်မို့ သူ ဟက်ခနဲရယ်ဖြစ်သည်။

'နွားပိန်မကန်ခင် ငါက ဆောင့်ကန်ချင်နေတာ'ဟု စိတ်မှာ ရေရွတ်ဖြစ်သည်။ ငှင်းယောက်ဖ သင်တန်းတက်သည်က ကိစ္စမရှိ၊ အိမ်မှာ တစ်ပတ်မကလို့ တစ်နှစ်နေလည်း ကိစ္စကမရှိ။

ကိစ္စရှိသည်က သူတို့လင်မယား လွတ်လွတ်လပ်လပ် မနေရခြင်းဖြစ်သည်။ သကောင့်သားက ရေချိုးခန်း၊ အိမ်သာက အစ ဟိုဘက်အခန်းကို သွားမသုံး။ သူတို့လင်မယားအခန်းမှာပင် သုံးနေသည်။

အဝတ်အစားလဲသည့် အချိန်လေး ခဏမျှသာ ငှင်း၏ အခန်းကိုပြန်ပြီး သူတို့လင်မယားခန်းဆီကိုသာ ပြန်ပြန်လာသည်။

"ခိုင်မြဲရဲ့ခယ်မက အလန်းလေးကွ၊ မောင်တို့ရဲ့ညီလေးကို ခိုင်မြဲရဲ့ခယ်မနဲ့ စပ်ပေးရင် ဘယ်လိုလဲ"

ပြုံးစိစိဖြင့်ဆိုသော သူ့စကားကြောင့် သကောင့်သားက တွန့်ခနဲနေအောင် တုန်သွားရင်း သောက်လက်စကော်ဖီပန်းကန်ကို စားပွဲပေါ် ပြန်ချသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုသက်နော် သူများက ငယ်ငယ်လေးရှိသေးတယ်၊ အဲဒါတွေ စိတ်မဝင်စားပါဘူးဆို၊ ဘာတွေပြောမှန်းလည်း မသိဘူး"

"ဟုတ်သားပဲမောင်ရယ်၊ ကလေးကို ဘာတွေပြောနေမှန်းလည်း မသိဘူး၊ သူမကြိုက်တာ မပြောစမ်းပါနဲ့ မောင်ရဲ့"

ပုစွန်ဆီရောင်တီရှပ်၊ လိမ္မော်ရောင်ဘောင်းဘီကျပ်နှင့် ရွှေယောက်ဖက လက်မှနာရီကို ပင့်ကာကြည့်သည်။

"ဟော. . . ဟော ပြောရင်းဆိုရင်းနဲ့ ရှစ်နာရီတောင်ခွဲတော့မယ်၊ အိမ်ရှေ့ထွက်စောင့်နေမှပဲ၊ သူငယ်ချင်းက ရှစ်နာရီခွဲလာကြိုပေးမယ်လို့ ဖုန်းဆက်ထားတာ၊ မမ သွားပြီနော်၊ ကိုသက်ရော သွားပြီနော်"

ဘေးလွယ်အိတ်လား၊ ကျောပိုးအိတ်လား မကွဲပြားသောအိတ်ကို လက်တွင်လျှိုကာကိုင်ရင်း ရွှေယောက်ဖက အိမ်ရှေ့ဆီသို့ သွားသည်။ သူမကပါ သူမ၏မောင်လေးကို လိုက်ပို့သည်။

သိပ်မကြာလိုက် အိမ်ရှေ့မှာ ကားသံကြားရသည်။ ပြီး ကားမောင်းထွက်သံကို တစ်ဆက်တည်းကြားရသည်။

"မောင်လေးကတော့ ကလေးစိတ်ကို မပျောက်သေးဘူး"

သူမက အရယ်တစ်ဝက်ဖြင့်ဆိုရင်း ထမင်းစားခန်းသို့ ဝင်လာသည်။

"အဲဒါ ကလေးစိတ်မပျောက်သေးတာ မဟုတ်ဘူး၊ အဲဒါ





က"

"မောင်နော်"

သူ ဘာမှမပြောသေးခင်မှာ သူမက 'မောင်နော်'ဟု အော်ကာ မျက်စောင်းဖြင့် သူ့ကိုကြည့်သည်။ သူမ၏မောင်ကို အပြစ်မပြောနှင့်ဟူသောသဘော။

"ဩော်. . . ဘာရယ်မဟုတ်ပါဘူး၊ လူကြီးစိတ်မဝင်သေးတာလို့ ပြောမလို့ပါမိန်းမရဲ့၊ ဒါနဲ့ မိန်းမ"

"ပြော"

သူမက ပြောဟု ခပ်ဆောင့်ဆောင့်ဆိုရင်း ပန်းကန်တွေ ဆေးကာနေသည်။

"ဒီညတော့ မြို့ရဲ့မောင်လေးကို သူ့အခန်းမှာ သူပြန်အိပ်ခိုင်းလိုက်ပါလား၊ ကြမ်းပေါ်မှာ အိပ်ရတော့ သူ့အတွက် ဘယ်သက်တောင့်သက်သာရှိပါ့မလဲ"

ခေါင်းကုတ်ရင်းဆိုသော သူ့ကို သူမက မချိုမချဉ်လှမ်းကြည့်သည်။ ပြီး 'ပြောပေးမယ်လေ'ဟု ဆိုသည်။

"ကဲ ဒါဆို မောင် ရှုံးသွားပြီနော်"

သူ သက်ပြင်းချကာဆိုရင်း ထွက်ခဲ့ခြင်းဖြစ်သည်။ ဒီညတော့ ရွှေယောက်ဖတစ်ယောက် အကြောက်တရားတွေ ကင်းဝေးပြီး သူ့အခန်းသူ ပြန်အိပ်ပါစေဟု တွေးမိသည်။

× × × ×



www.burmeseclassic.com

“အဲဒါကြောင့်ပြောတာပေါ့၊ မယားပြောတော့ တစ်ညဆိုတာ”

သူ့စကားအဆုံးမှာ ထ၍ဆိုသော ရန်နောင်၏စကားကို ခိုင်မြဲက ‘ဘာမှလည်းမဆိုင်ဘူး’ဟု ဆိုသည်။

“ဟ. . . စကားပုံကတော့ ‘အမေပြောတော့ တစ်လ၊ မယားပြောတော့ တစ်ည’ဆိုပြီးတော့ ရှိခဲ့တာပဲလေ၊ ဒါပေမယ့် အခုကျတော့ ပြောင်းပြန်လေ”

“အင်း. . . ဖြီးပါဦး”

ရန်နောင့်ကို ခိုင်မြဲက ဖြီးပါဦးဟု ခပ်ရွှဲရွှဲဆိုသည်။





“ဒီလိုကွာ. . . ဒီကောင့်မိန်းမက တစ်ညထဲပါဆိုတဲ့ကိစ္စက အခုတစ်ပတ်ဆိုပြီးတော့ ဖြစ်သွားတယ်၊ ငါ့တုန်းကလည်း ငါ့ခယ်မတွေ ဘုရားဖူးလာကြတာ တစ်ညလောက်လာတည်းမယ်ဆိုပြီးတော့ ငါ့မိန်းမ မြတ်နိုးက ပြောတာပဲ၊ တကယ်တမ်းကျ ဆယ်ရက်လောက်ကြာတယ်၊ အဲဒါကြောင့်မို့ ပြောတာကွ မယားပြောတော့တစ်ညဆိုတာ ငါတို့အတွက်ကတော့ အဲဒီလိုမျိုးကြီးကို ပြောတာ၊ ကဲ ရှင်းလား”

“မင်းက ကံကောင်းတာပေါ့ကွာ၊ ခယ်မလေးတွေသာဆိုလို့ကတော့ တစ်ညမဟုတ်ဘူး တစ်ဘဝလုံးနေလည်း ကိစ္စမရှိဘူး၊ အခုဟာက ယောက်ဖကြီးကွ”

အီလည်လည်မျက်နှာဖြင့် ဆိုသော သူ့ကိုကြည့်ရင်း သကောင့်သားနှစ်ကောင်က တခွီးခွီး တဟီးဟီးဖြင့် ရယ်ကြသည်။

“အိမ်မှာလာတည်းတာကိုလည်း ငါ့အတွက်က ပြဿနာမရှိပါဘူး၊ အိမ်မှာ အခန်းလွတ်တွေက အများကြီးဥစ္စာ၊ ခက်တာက သရဲကြောက်တယ်ဆိုပြီးတော့ ငါတို့အခန်းထဲ လာအိပ်နေတာက ပြဿနာကွ”

သူ့စကားအဆုံးမှာ သကောင့်သားနှစ်ကောင်က တခွီးခွီးဖြင့် ရယ်ကြပြန်သည်။

“တကယ့်သူရဲကောင်းနဲ့ လာတိုးနေတာကိုးကွ၊ အဲဒါက ကိစ္စမရှိဘူး။ မင်းယောက်ဖရဲ့ သင်တန်းကိစ္စ ဘာညာကွိကွတွေက



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ပတ်နဲ့မပြတ်ရင် ဥပမာကွာ တစ်လလောက်ကြာသွားရင် မင်းတို့လင်မယားရဲ့ အခန်းမှာ မင်းယောက်ဖက ဆက်နေဦးမဲ့ သဘောပေါ့၊ အဲဒါကမှ တကယ့်ပြဿနာ"

"အေးလေ. . . တစ်ရက်နှစ်ရက်ကိစ္စလည်း မဟုတ်တော့ အဲဒါကမှ လုံးဝ လုံးဝ ဟဲဗီးပြဿနာ"

ရန်နောင်နှင့် ခိုင်မြဲက တစ်လှည့်စီ ပြုံးစိစိနှင့် ဆိုကြသည်။

"မိန်းမကိုတော့ မှာခဲ့တာပဲကွာ၊ ဒီညတော့ သူ့အခန်းသူ ပြန်အိပ်နိုင်းလို့၊ ကြည့်ရတာ သိပ်တော့မထင်ပါဘူး"

ပြောရင်း သူ သက်ပြင်းချဖြစ်သည်။

"အေးကွာ. . . သရဲကြောက်တာလည်း ကြောက်တာပေါ့၊ ဒါပေမယ့် လူမှုရေးတော့ နားလည်ရမှာပေါ့ကွာ၊ ဘယ်လို ကောင်လဲမသိဘူး"

ခိုင်မြဲက ရယ်ကျဲကျဲနှင့်ဆိုသည်။

"မင်းတို့သိတဲ့အတိုင်းပဲလေ၊ ငါတို့လင်မယားက ယူထားတာတောင် ဘာမှကြာသေးတာမဟုတ်ဘူး၊ တောက် ပြည်ပန်းညိုချိုပါလျှက်နဲ့ ဆားကဖျက်ဆိုသလို ဖြစ်နေပြီ"

သူ၏စကားကို ရန်နောင်က 'သိပ်မပတ်သက်တဲ့ဥပမာပဲ' ဟု ဆိုသည်။ သူ တမင်ပင် မကြားချင်ယောင်ဆောင်ပစ်လိုက်သည်။

"ဒါဆို မင်းယောက်ဖရှိနေမယ့်တစ်ချိန်လုံး မင်း ညစာ





စားရတာ ကမောက်ကမတွေ ဖြစ်တော့မှာပဲနော်၊ အင်း. . . ညစာ. . . ညစာ"

"ဘာလဲကွ"

ခိုင်မြဲ၏မေးခွန်းကို သူ 'ဘာလဲကွ'ဟု ပြန်မေးဖြစ်သည်။ သကောင့်သားက မချိုမချဉ်ဖြင့် ဟက်ခနဲရယ်သည်။ ပြီးမှ. . .

"ဪ. . . မင်းတို့လင်မယားနှစ်ယောက် အရင်လို အေးအေးလူလူ မစားရတော့ဘူးလို့ ပြောတာပါ၊ ယောက်ဖက ကန့်လန့်ကန့်လန့်နဲ့ဆိုတော့ကွာ ညစာမှ မဟုတ်ပါဘူး၊ မနက်စာ စားလည်း နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် ဘယ်စားရမလဲ၊ ရှုပ်နေမှာပေါ့၊ အဲဒါကိုပြောတာ"

ဟု ဆိုသည်။

"မနေ့ညကလည်း ကောင်းကောင်းမအိပ်ရဘူးကွာ"

"ဘာလဲ ညစာမစားရလို့လား"

သူ၏စကားအဆုံးမှာ ရန်နောင်က အမေးရှိသည်။ မေးသည်က ကိစ္စမရှိ အမူအရာက လူရွှင်တော်များ မျက်ခုံးပင့်သလို တရစပ်မျက်ခုံးပင့်ပြရင်း ပြောင်ချော်ချော်မေးသောကြောင့် သူ စိတ်ပျက်နေသည့်ကြားက ဟက်ခနဲရယ်ဖြစ်သည်။

"အဲဒါကြောင့် မဟုတ်ပါဘူးကွာ၊ ယောက်ဖက ဘာတဲ့ဆိပ်တွေမှန်းမသိတဲ့ ရေမွှေးတွေ မွှန်နေအောင်ဆွတ်ထားတော့ တစ်ခန်းလုံး မွှန်ထူပြီး အိပ်မရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ဩော်"

"ဒါကြောင့်ကိုး"

ရန်နောင်တို့ နှစ်ကောင်က ကိုယ်စီကိုယ်စီ မေးစေ့ပွတ်ရင်း တစ်ယောက်တစ်ပေါက်စီ ရေရွတ်ကြသည်။ အိုက်တင်တွေက အိုဗာဖြစ်လွန်းသည်မို့ သူ တမင်ပင် မမြင်သလို လုပ်ကာနေဖြစ်သည်။

"ပြီးတော့ကွာ. . . ဒီကောင်က မီးပိတ်ထားရင်လည်း မအိပ်တတ်ဘူးတဲ့၊ မီးပိတ်ထားရင် သရဲကြောက်လို့ မီးဖွင့်အိပ်ပေးရတယ်ကွာ"

သူ ခေါင်းကို ခပ်ကြမ်းကြမ်းကုတ်ရင်း အိပ်မရသောအကြောင်းအရင်း နောက်တစ်ချက်ကို ခပ်ညည်းညည်းဆိုဖြစ်သည်။

"အေးပေါ့ကွာ. . . မီးမမှိတ်မှတော့ ဘယ်အလုပ်ဖြစ်မှာလဲ"

ခိုင်မြဲက တခွီးခွီးရယ်ရင်း ဆိုသည်။

"ဘာလဲကွ၊ ဘာအလုပ်မဖြစ်တာလဲ"

ထုံးစံအတိုင်း သူ မျက်နှာပူပူဖြင့် ခပ်ငေါက်ငေါက်ဆိုဖြစ်သည်။

"ဩော်. . . မျက်လုံးအလုပ်မဖြစ်တာကို ပြောတာပါ၊ မီးဖွင့်ထားရင် မင်းမအိပ်တတ်မှန်း ဆယ်တန်းနှစ် ဘော်ဒါဆောင်အတူတူနေကတည်းက သိပြီးသားလေကွာ၊ ဒီတော့ မင်း ညအိပ်ရခက်မယ်မှန်း ကြိုတွက်မိတာကို ပြောတာပါ"

ခိုင်မြဲ၏စကားအဆုံးမှာ ရန်နောင်က အဲဒါကိုပြောတာဟု စကားဖြည့်ကာ ဝင်၍ဆိုသည်။

"တော်ပြီကွာ. . . စိတ်ညစ်ရတဲ့ကြားထဲမှာ မင်းတို့က တမျောင်း၊ အိမ်ပြန်တာပဲကောင်းတယ်၊ ဘာကောင်တွေမှန်းမသိဘူး"

သူ ထရပ်ရင်းက ဆိုဖြစ်သည်။

"အေးပေါ့ကွာ. . . အိမ်မှာ ရွှေယောက်ဖ၊ ငွေယောက်ဖ စောင့်နေမှာဆိုတော့ ငါတို့ကောင်တွေကို ပုန်ကန်ပြီပေါ့"

ထထွက်လာသော သူ့ကို ရန်နောင်က နောက်မှလိုက်၍ အော်သည်။ 'ခွေးကောင်'ဟု လှည့်မကြည့်ဘဲ စိတ်ထဲမှနေ ဆဲရေးဖြစ်သည်။

အိမ်အပြန်ခြေလှမ်းများက အရင်လို မသွက်သည်ကတော့ အမှန်ပဲဖြစ်သည်။

× × × ×







www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ပြောပြီးပြီလား"

ညနေစာစားအပြီး ဧည့်ခန်းမှာ သုံးယောက်သား TV ထိုင်ကြည့်နေစဉ် ယောက်ဖဖြစ်သူ နောက်ခဏသွားတုန်း မိန်းမကို တပ်တာမေးဖြစ်သည်။

"ဘာကိုတုန်း"

အရေးထဲ သူမက သူ့အမေးကို မသိချင်ယောင်ဆောင်ကာ ညစ်ကျယ်ကျယ်ပြုံးရင်း 'ဘာကိုတုန်း'ဟု ပြန်၍မေးသည်။

"မသိချင်ယောင်မဆောင်စမ်းပါနဲ့ မိန်းမရာ၊ မင်းရဲ့မောင်ကို သူ့အခန်းသူ ပြန်အိပ်ဖို့ ပြောပြီးပြီလားလို့ မေးတာ"



လေသံကိုနှိမ့်ရင်း သူဆိုဖြစ်သည်။

"ဩော်. . . ဒါလား"

"အေး. . . အဲဒါ"

သူမ၏ ပြောင်ချော်ချော် 'ဒါလား'ကို သူ 'အေး'ဟု အံကြိတ်ကာ ဖြေဖြစ်သည်။ သူမက ခေါင်းကို ညိတ်လိုက်သည်မို့ သူမေးခွန်းထပ်မေးရန် ပြင်စဉ်မှာပင် သူမက ခေါင်းကိုခါသည်။

"မပြောတော့ပါဘူး မောင်ရယ်"

"ဟ. . . မပြောလို့ရမလား၊ တစ်ညနှစ်ညကိစ္စလည်း မဟုတ်ဘူး"

သူမကို သူ အသံကိုနှိမ့်ရင်း ဆိုဖြစ်သည်။

"မောင်လေးက သရဲအရမ်းကြောက်တတ်တာ ဖြူအသိဆုံးပဲ၊ ဖြူတို့အိမ်မှာ လာနေတုန်း မောင်လေးကို စိတ်မညစ်စေချင်ဘူးမောင်ရယ်၊ နော်. . နော်လို့၊ မောင်က လိမ္မာရဲ့သားနဲ့"

သူမ၏စကားအဆုံးမှာ သူ စိတ်ညစ်ညစ်ဖြင့် ခေါင်းကို ကုတ်ဖြစ်သည်။

"ဒါဆိုရင်လည်း မောင်ကတော့ မီးပိတ်ပြီးမှအိပ်မယ်"

သူ မျက်မှန်ကုတ်ကာ ဆိုဖြစ်သည်။

"မောင်ကလည်းကွာ ဒီရက်ပိုင်းလေးပဲဥစ္စာ၊ ဘာဖြစ်လို့ ပြဿနာရှာနေတာလဲ၊ မီးပိတ်ပြီးအိပ်ရင် မောင်လေး ကြောက်နေမှာပေါ့လို့၊ မပိတ်ပါနဲ့မောင်ရယ်၊ နော်. . . နော်. . . လို့"

www.burmeseclassic.com

www.burmeseclassic.com



သူမက မျက်နှာငယ်လေးနှင့် ဆိုသည်မို့ သူ သက်ပြင်းကိုသာ ချဖြစ်သည်။

"ဒါဖြင့်လည်း မိန်းမရယ်၊ မင်းမောင်လေးကို ဒီတစ်ခုလေးတော့ ပြောပေး၊ ရေမွေးကို လူဆွတ်လေးပဲဆွတ်ပါလို့ မသာဆွတ်မဆွတ်နဲ့လို့၊ တစ်ခန်းလုံး မွှန်ထူပြီး အသက်ရှူကြပ်တယ်"

သူစိတ်တိုတိုဖြင့် ဆိုအပြီး သူမက ခွီးခနဲရယ်သည်။

"ဘာရယ်တာလဲ၊ ခနဲ့တာလား"

"မဟုတ်ပါဘူးမောင်ရယ်၊ မောင်စိတ်တိုနေပုံက ချစ်စရာကောင်းလို့"

သူမက သူ့ဒေါသများကို အရည်ပျော်အောင် ဖျော်နိုင်သူဖြစ်သည်။ 'ချစ်စရာကောင်းသည်'ဆိုသော သူမ၏အပြောမှာ သူ ပက်လက်ကြီး မျှောသွားရသည်ကတော့ အမှန်ပဲဖြစ်သည်။

"မမရေ"

ဧည့်ခန်းထဲသို့ ကော့ပတ်ကော့ပက်ဖြင့် ရောက်လာသော ရွှေယောက်ဖက ရောက်ရောက်ချင်း ၎င်း၏အစ်မကိုခေါ်သည်။

"ပြော. . . မောင်လေး"

"ဒီနေ့ တစ်နေကုန်လုံး မောင်လေးလေ တဝါးဝါးနဲ့ ခဏခဏ သမ်းမိနေတယ်၊ ပြီးတော့ နားရွက်တွေကလည်း တစ်နေ့လုံး ပူထူနေတာပဲ၊ ဘယ် အပေအတေတွေကများ မောင်လေးရဲ့ အတင်းကို တုပ်နေကြလဲမသိဘူး၊ လူတွေကလည်းနော် အားအား



ယားယား သူများအကြောင်းပြောဖို့ အချိန်ရကြသေးတယ်၊ တကယ်ပဲ"

ဘယ်လက်ဖဝါးပေါ် ညာလက်ဖမိုးဖြင့် တဖတ်ဖတ်ရိုက်ရင်း မဲ့ကာရွဲ့ကာဖြင့်ဆိုသော ရွှေယောက်ဖစကားက သူ့ကို ဖွဲ့ပြောနေသလားတောင် ထင်ရသည်။ နောက်ဆို အကြားအမြင်များ ဟောစားလေမည်လားမသိ။

"ဩော်. . . မောင်လေးရယ် လူဆိုတာ အိပ်ရေးပျက်ရင် သန်းကြတာပဲ၊ ကဲ. . . ကဲ လာ မမကို ပန်းကန်ဆေးကူဦး၊ စောစောတ ပန်းကန်တွေ မဆေးရသေးဘူး"

သူမက သူမ၏မောင်ကို ပထုတ်ကာသွားသည်။ တုန်ခဲသော အချိန်ကိုတွေးရင်း သူ သက်ပြင်းကိုသာ အခါခါ ချဖြစ်နေသည်။

× × × ×

www.burmeseclassic.com

www.burmeseclassic.com



"ကိုသက်"

မနက်အိပ်ရာထ မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး ဘုရားရှိခိုးရန် ဘုရားခန်းသို့အဝင် ရွှေယောက်ဖက သူ့ကိုလှမ်းခေါ်သည်မို့ သူလှည့်ကြည့်ဖြစ်သည်။

'ဘာလဲ'ဟု သူ မေးဆတ်ဖြစ်သည်။

"sorry နော် ကိုသက်"

"ဘာကိုလဲ"

"ဩော်. . . မနေ့ညကမှ မမကပြောပြလို့၊ ကိုသက်က ရေမွှေးနံ့တွေ၊ အမွှေးတိုင်နံ့တွေ၊ ခြင်ဆေးခွေတွေရဲ့အနံ့ကို မခံနိုင်ဘူး၊ ပန်းနာရင်ကြပ်ရှိတယ်ဆို မမကပြောပါတယ်၊ နှင့်ခဲအိုက





နာတာရှည် ပန်းနာရင်ကြပ်ရှိတယ်တဲ့၊ အဲဒါ ရေမွှေးမဆွတ်နဲ့ဆိုလို့ အားနာလိုက်တာကိုသက်ရယ်၊ sorry နော်"

သတောင့်သား၏ စကားအဆုံးမှာ 'ရပါတယ်'ဟု အောင့်သက်သက်ဖြင့် ဆိုဖြစ်သည်။ မိန်းမလုပ်လိုက်မှ နေရင်းထိုင်ရင်း သူမှာ နာတာရှည် ပန်းနာရင်ကြပ်တွေဘာတွေ ဖြစ်ခွင့်ကြုံလိုက်ရသည်၊ ကျေးဇူးတင်ဖွယ်ကောင်းလေစွ။

ပန်းနာရင်ကြပ်ရှိသူများ အမွှေးတိုင်၊ ခြင်ဆေးခွေနှင့် အခြား ဖျန်းဆေးနံ့များ မခံနိုင်ကြောင်းတိုတော့ သူကြားဖူးသည်၊ ထိုအထဲတွင် ရေမွှေးပါမပါတော့ သူမသိ။

"ရေမွှေးကလေ မဆွတ်ဘဲမနေနိုင်ဘူးသိလား၊ ထမင်းမစားရင်သာ နေနိုင်မယ်၊ ရေမွှေးမဆွတ်ဘဲ မနေနိုင်ဘူး၊ အခုတော့လေ ခဲအိုကိုသနားလို့ အပြင်သွားမှပဲ ဆွတ်တော့မှာ၊ အိမ်မှာနေရင်းနဲ့ဆိုရင် မဆွတ်တော့ဘူးသိလား"

"ဩော်. . . အင်း ကျေးဇူးပဲညီလေး၊ ကဲ ကဲ ကိုယ်ဘုရားရှိခိုးလိုက်ဦးမယ်၊ ကဲ ကဲ သွား လုပ်စရာရှိတာလုပ်"

သူ့စကားအဆုံးမှာ ရွှေယောက်ဖက 'ဟုတ်'ဟု မပွင့်တပွင့်ဆိုရင်း လိမ်ကျစ်လိမ်ကျစ်ဖြင့် ထွက်ကာသွားသည်။ စောစောစီးစီးပင် သူ့အနေနှင့် မုသာဝါဒကံကို ချိုးဖောက်မိသွားပြီဖြစ်သည်၊ မိန်းမကောင်းမှုအကြောင်းပြုကာ ကျားကိုးစီးစားမကုန်သော သူ့တိုယ်လုံးကြီးနှင့် နာတာရှည်ရောဂါသည် ဖြစ်သွားခဲ့သည်ကိုး။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



Night, love and women give wrong ideas.

ည၊ အချစ်နှင့် မိန်းမများသည်ကား မှားယွင်းသည့် အကြံဉာဏ်တို့အား ပေးလေသည်။

***Swiss Proverb***

× × × ×



"အဲဒါကြောင့်ပြောတာပေါ့၊ ညရယ်၊ အချစ်ရယ်၊ မိန်းမတွေရယ်က မှားယွင်းတဲ့ idea တွေ ပေးတတ်ကြတယ်ဆိုတဲ့ စကားပုံလိုပဲလေ၊ ဟော အခု မင်းမှာ ငါးပါးသီလမလုံတော့ဘူး မဟုတ်လား၊ မင်းမိန်းမလုပ်လိုက်တာနဲ့ မင်းဆိုတဲ့ကောင် ကောက်ကာငင်ကာ နာတာရှည် လူမမာကြီး ဖြစ်သွားရတယ်မဟုတ်လား"

သူ့ကုမ္ပဏီကို လမ်းကြုံဝင်လည်သော ခိုင်မြကု ၎င်း၏ ဘေးမှ မိုးသန္တာကို မေးငေါ့ပြရင်း 'မိန်းမ'မကောင်းကြောင်း ဆိုသည်။

"နင်တို့ကတော့လုပ်ပြီ၊ အခု ရေမွှေးနံ့မရတော့ဘူးမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား၊ အဲဒါ နင့်မိန်းမကို ကျေးဇူးတောင်တင်ရဦးမယ်"

မိုးသန္တာက သူတို့နှစ်ကောင်စလုံးကို ဝေ့ကြည့်ရင်း ဆိုသည်။

"ဒါတော့ဒါပေါ့ သန္တာရယ်၊ ငါ့မိန်းမ ဘာပြောပြော၊ ဘာလုပ်လုပ် ငါက ခွင့်လွှတ်ပြီးသား၊ ငါ့မျက်စိထဲမှာ ချစ်စရာကောင်းနေပြီးသား၊ ခုဟာက တော်တော်ကြီး အလိုက်ကမ်းဆိုးမသိတဲ့ ယောက်ဖကို စိတ်ညစ်နေတာ"

"မကိုခင်မှတော့ ဥကိုပါခင်ရတယ်ဆိုတဲ့ ငါတို့မြန်မာစကားပုံလည်း ရှိနေတာပဲ ကိုသက်ရယ် သည်းခံလိုက်ပါ"

"ဘာမှ မကိုခင်လို့ ဥကိုခင်တွေ လုပ်မနေနဲ့၊ အဲဒီဥကိုခွေးသာကျွေးပစ်လိုက်တော့၊ ငါ့မှာသာ အဲဒီလိုယောက်ဖမျိုး ရှိနေကြည့်ပါလား၊ လေယာဉ်လက်မှတ်ဖြတ်ပြီး ရောက်ချင်ရာရောက် တင်လွှတ်လိုက်တယ်"

မိုးသန္တာ၏စကားအဆုံးမှာ ခိုင်မြဲက လက်သီးလက်မောင်းတန်းရင်း ဆိုသည်။

"ဟိုက စင်ကာပူကတောင် ပြန်လာပြီ၊ အ,နေဦးမယ်"

မိုးသန္တာကလည်း ခိုင်မြဲကို ပြန်၍ငေါ့သည်။

"မကြာခင် တစ်ပတ်ပြည့်တော့မှာပါကွာ"

"တော်သေးတာပေါ့ မင်းမိန်းမက တစ်ညထဲလို့ပြောလို့ နှစ်ညသုံးညသာဆို အိမ်ပေါ်ကဆင်းတော့မှာ မဟုတ်ဘူး"





ပြောရင်း ခိုင်မြဲတို့လင်မယားက တခွီးခွီးဖြင့် ရယ်သည်။ သူတတော့ မရယ်နိုင်ပါ။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



"အမလေး"

"ဟ. . . ဟ. . . ဘာတုန်း"

ကုမ္ပဏီမှပြန်ရောက်ရောက်ချင်း Toilet ဝင်ရန် တံခါးကို လှမ်းအဖွင့် အထဲမှနေ တံခါးဖွင့်ကာ ထွက်လာသော ယောက်ဖကြောင့် သူရော ယောက်ဖပါ လန့်သွားကြသည်။ ရေချိုးခန်းနှင့် Toilet က တွဲရက်မို့ ဤကဲ့သို့ကြုံရခြင်းဖြစ်သည်။ သူ့စိတ်ထဲမှာက အရင်လို သူနှင့်မြ နှစ်ယောက်တည်းဟု မေ့မေ့လျော့လျော့ဖြင့် တံခါးမခေါက်မိ။

"ကိုသက်ကလည်း ဘာမှန်းလည်းမသိဘူး"



တံဘက်ကို ယောကျ်ားပီပီ ခါးမှာမပတ်ဘဲ ထဘီလို ရင်လျှားထားသော ယောက်ဖကို သူ အပေါ်အောက်ကြည့်ဖြစ်သည်မို့ သကောင့်သားက ထိုသို့ဆို၏။

"ဘာလဲကွ"

"ဘာဖြစ်ရမှာလဲ ကိုသက်က စားတော့ဝါးတော့မလို ကြည့်နေတာကိုး၊ အမြီးကျက် အမြီးစား၊ ခေါင်းတျက်ရင် ခေါင်းပါ ဝါးတော့မယ့်မျက်လုံးနဲ့ ကြည့်နေလိုက်တာ၊ ကြည့်နေလိုက်. . . တာ"

ခေါင်းရမ်းတမ်း ရမ်းတမ်းဖြင့် ပေါက်တတ်ကရပြောနေသော သကောင့်သားကို ပါးပိတ်တီးချင်စိတ် ပေါက်ကာသွားသည်။

ဘယ့်နှယ် ချေးပန်းခံရသော စာခြောက်ရုပ်သဏ္ဌာန်နဲ့ လာနဲ့နေသည်။ စောစောက Toilet ဝင်ချင်စိတ်တောင် ဘယ်ရောက်သွားမှန်းမသိ။

"ဖယ်စမ်းပါကွာ၊ ငါ Toilet ဝင်မလို့ အရေးကြီးနေရတဲ့ကြားထဲ"

ဆောင့်ကန်ချင်နေသော စိတ်ကို မျိုသိပ်ရင်း သူ Toilet ခန်းထဲဝင်ကာ တံခါးကို Lock ချဖြစ်သည်။

အချိန်တစ်ပတ်သည် နှစ်ပေါင်းခုနစ်ရာခန့် ကြာနေသလို ရှည်လျားလွန်းလေစွဟု ခပ်ရွဲ့ရွဲ့တွေးမိသည်။

"အင်း. . . ပြည့်တော့မှာပါလေ၊ သည်းခံ. . . သည်းခံ"

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စိတ်တို ကိုယ်ပြန်၍ဆိုရင်း တက်ကိုသာ ခပ်ပြင်းပြင်း ခေါက်ဖြစ်သည်။

× × × ×

ဦး : မို : ၀၁၄၈



"ခရီးပန်းမှာစိုးလို့ လေယာဉ်နဲ့သွားပါဆိုတဲ့ဥစ္စာကို မောင့်ရဲ့ညီလေးက ကုန်ကျစရိတ်သက်သာအောင် လိုင်းကားပဲ စီးပြန်မလို့တဲ့လေ"

"ပိုပြီးသက်သာအောင် ကုန်းကြောင်းလျှောက်ပြန်တာ မဟုတ်ဘူး"

ခပ်ရွဲ့ရွဲ့ဆိုသော သူ့စကားကြောင့် သူမက 'ကြားသွားဦးမယ်'ဟု အသံကိုနှိမ့်ရင်း သူ့ကို မျက်စောင်းထိုးသည်။

"ကားနဲ့ပြန်ရင် ငွေကုန်နေဦးမယ်၊ လူလည်းသက်သာအောင် ရထားနဲ့ပြန်ခိုင်းလိုက်ပါလား၊ ရိုးရိုးတန်းကနေ လက်မှတ်

ဦး : မို : ၀၁၄၈

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ပေးလိုက်မယ်၊ အဲဒီထက်မှ သက်သာချင်ရင်လည်း ရထားခိုး စီးလို့ပြောလိုက်၊ မပြောလည်း မင်းရဲ့မောင်ရှပ်က သူခိုးရှုပ်၊ စင်ကာပူနိုင်ငံမှာတောင် ရအောင်ခိုးစီးချင်စီးခဲ့မှာ"

"မောင်နော်. . . ပြောင်ချော်ချော်မလုပ်နဲ့"

သူ့စကားကြောင့် သူမက မျက်နှာကြီးနီရင်း ရေရွတ်သည်။

"အမလေး. . . အမလေး တဝါးဝါးနဲ့သမ်းပြီး နားရွက်တွေပူလိုက်တာ၊ ဘယ်က ကလေကဝတွေကများ သူများရဲ့ အတင်းကို အားအားယားယားပြောနေပါလိမ့်၊ တကယ်ပဲ"

အိတ်များကို မနိုင်မနင်းဆွဲရင်း အိမ်ရှေ့ကိုရောက်လာသော ကိုယ်တော်ချောက ဒက်ခနဲ မှန်နေအောင်ဆိုသည်။

"ကဲ. . . ကဲ ပေးညီလေးပေး၊ အိတ်တွေက ကားနောက်ဖုံးထဲ ထည့်ရအောင်၊ ဖြူရေ ဘာတွေကျန်ခဲ့သေးလဲလို့ အိပ်ခန်းထဲ သွားစစ်ပေးလိုက်ဦး"

"ဟုတ်"

သူ ခပ်သွက်သွက်ပင် အိတ်များကိုယူကာ ကားထဲထည့်ရင်း ဆိုဖြစ်သည်။ သူမက ဟုတ်ဟုဆိုရင်း လှည့်အထွက်. . .

"အို. . . ရပြီမမ မသွားနဲ့တော့၊ မောင်လေး သေသေချာချာ စစ်ခဲ့ပြီးပြီ၊ ကျန်ခဲ့တော့လည်း ဘာဖြစ်လဲ နောက်လည်း ရန်ကုန် မကြာမကြာ ရောက်နေမှာပဲဥစ္စာ၊ အဲဒီတော့မှ ယူတာ





ပေါ့"

ရွှေယောက်ဖ၏စကားကြောင့် သူ နင်ခနဲဖြစ်သွားရသည်။ ရေသောက်နေချိန်နှင့် တိုးပါက ဖွီးခနဲ သီးသွားလောက်သည်။

"ကဲ. . . ကဲ လက်မှတ်ဖြတ်ထားတာက ခြောက်နာရီ ကားမဟုတ်လား၊ သွားရအောင်လေ၊ တော်ကြာ မမှီဘဲဖြစ်နေဦးမယ်၊ တက် တက်"

ဦးဆောင်ကာ ကားပေါ်တက်ရင်း သူဆိုဖြစ်သည်။ သူမက အကဲပိုရန်ကောဟု လှမ်းကာ မျက်စောင်းထိုးသည်။

"ကားပေါ်မှာ ဘေးက ဘယ်လိုလူနဲ့ကျမယ်မသိဘူး၊ အရက်စော်နံ့တဲ့ အရက်သမားတွေနဲ့ လွဲပါစေ၊ လွဲ. . . ပါစေ"

အရေးထဲ ရွှေယောက်ဖက လက်အုပ်တချီချီဖြင့် ဆုတွေတောင်းနေသေးသည်ကို နောက်ကြည့်မှန်မှနေ သူမြင်ဖြစ်အောင် မြင်လိုက်ရသေးသည်။

"ကောင်မလေးချောချောနဲ့ ဘေးချင်းကပ်ရက် ကျပါစေကွာ၊ ငါ့ညီလေးအတွက် အစ်ကိုဆုတောင်းပေးပါတယ်"

"အဟက်ဟက်. . . ကိုသက်က အရမ်းနောက်တာပဲ"

လည်ချောင်းကိုခြစ်ကာ မရယ်ချင်ရယ်ချင်ဖြင့်ဆိုသော ရွှေယောက်ဖကို စိတ်ထဲမှာ ကားပေါ်မှ ကန်ချဖြစ်သည်မှာ အကြိမ်ကြိမ်။



www.burmeseclassic.com

www.burmeseclassic.com



ကားဂိတ်ရောက် ပစ္စည်းတွေတင်ပြီး သိပ်မကြာခင်မှာ ကားကထွက်သည်။ သူရောသူမပါ ခွေယောက်ဖကို လက်ပြဖြစ်သည်။

"အေး. . . သွားတော့ ညီလေးရေ၊ သွားတော့၊ ရန်ကုန်ကို ဆယ်နှစ်နေမှ တစ်ခါလောက်ပဲ ပြန်လာနော်၊ တာ့တာဘိုင့်ဘိုင်"

ပွစိပွစိရေရွတ်သော သူ့စကားတို့ကို မှန်လုံကားတွင်းမှ ယောက်ဖကတော့ ဘာပြောလို့ပြောမှန်း သိလိမ့်ကြားလိမ့်မည်မထင်။

သူမကတော့. . .

"မောင်နော်"ဟုဆိုရင်း မျက်စောင်းဖြင့် သူ့ကို မကြည်ကြည့် ကြည့်သည်။ အိမ်အပြန် တားမောင်းရင်း လေချွန်နေသော သူ့ကို သူမက. . .

"အူမြူးနေပါလား"

ဟုဆိုသည်။

"မှန်သောစကားကို ပြောရရင် မောင်တို့လက်ထပ်ပြီး နောက်ပိုင်းမှာ ဒီနေ့လောက် ပျော်စရာကောင်းတဲ့နေ့ မရှိသေးဘူးသိလား"

ပြောင်ချော်ချော်ဖြင့် ဆိုသော သူ့စကားကို သူမက ရှက်ဝဲဝဲဖြင့် ပြန်၍ဆိုသည်။



"မသိဘူး"ဟု။

ဘာရယ်မဟုတ် သူ့ကို ဖွတ်ခနဲလှမ်းကြည့်သော သူမကို သူ မျက်စိတစ်ဖက် မှိတ်ပြဖြစ်သည်။

ယနေ့ မျက်စိတစ်ဖက်မှိတ်ပြခြင်းသည် လူပျိုဘဝက သူမကို စပိုးစဉ် မျက်စိမှိတ်ပြခဲ့သလိုမျိုး ရင်ခုန်သံမြန်နေသည်ကတော့ အမှန်ပဲဖြစ်သည်။

× × × ×

www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

နားကြားများ လွဲလေသလားဟု သူ 'ဘာ'ဟု မေးဖြစ်သည်၊

"ကိုကြီးကလေ ဒီတစ်ပတ်ထဲမှာပဲ စင်ကာပူကနေ အပြီး ပြန်လာမယ်တဲ့၊ အဲဒါ ဖေဖေတို့ဆီမကူးခင် အိမ်မှာ တစ်ညအိပ်မယ်တဲ့"

သူမကလည်း စောစောက ပြောသည့်အတိုင်းပင် '၏' 'သည်'မလွဲ တစ်လုံးဆိုတစ်လုံးမှ မလွဲဘဲ နောက်တစ်ခေါက်ဆိုသည်၊





တစ်ည၊

'မယားပြောတော့ တစ်ည'၊ ငင်းတစ်ညတို့ သူသိပ်၍မယုံချင်၊ မယုံဆို မယုံချင်သည့်အကြောင်းရင်းက ရှိခဲ့သည်ကိုး။

"ဒါများကွာ ရှေ့တစ်ပတ်က ညီလေးပြန်လာကတည်းက မင်းအစ်ကိုပါ လိုက်ပြန်လာခဲ့တာမဟုတ်ဘူး"

"ဪ. . . မောင်ရယ်၊ ကျောင်းမပိတ်သေးလို့ပေါ့"

"နေပါဦး ဖြူရဲ့ ကိုကြီးကရော၊ မိတ်ကပ်ပညာသွားတက်တာပဲလား"

သူ သူမကိုကြည့်ကာ ဆိုဖြစ်သည်၊

"မဟုတ်ပါဘူး၊ ကိုကြီးက MBA သွားတက်တာ"

"ဪ"

သူ 'ဪ'ဟုသာ 'ဪ'ဖြစ်သည်၊ MBA ဆိုတော့ တော်သေးတာပေါ့ဟု စိတ်မှာတွေးဖြစ်သည်၊

"ဒါဖြင့် မောင်တို့ လေယာဉ်ကွင်းမှာ သွားကြိုရဦးမှာပေါ့"

"ဒါပေါ့၊ ဘာလဲ မောင်က မကြိုချင်လို့လား"

သူ့စကားအဆုံးမှာ သူမက စကားနာထိုးသည့်အမေးကို မေးသည်၊

"မဟုတ်ပါဘူး ဖြူရယ်၊ မောင်ကလေ ယောက်ဖတွေအတွက်ဆိုရင် ဘယ်သွားကြိုရကြိုရ ကြိုချင်ပြီးသား၊ ဒါနဲ့ အခုလာမယ့် ဖြူ့အစ်ကိုကရော သရဲကြောက်တတ်လား"



www.burmeseclassic.com

www.burmeseclassic.com



'မကြောက်တတ်ပါဘူး'ဟု သူမက ပြုံးစိစိဖြင့် ရှက်ဝဲဝဲဆိုသည်။ 'တော်သေးတာပေါ့'ဟု သူ သက်ပြင်းကို မရဲတရဲချဖြစ်သည်။

× × × ×



ဈာနယ်ကို သူ စိတ်ဝင်တစားဖတ်နေစဉ်. . .

"ဒုက္ခပါပဲမောင်ရယ်"

မျက်စိပျက် မျက်နှာပျက်ဖြင့် မီးဖိုခန်းဆီမှ ထွက်လာသော သူမကို သူလှည့်ကြည့်ဖြစ်သည်။ ရုံးပိတ်ရက်လည်းဖြစ်၊ သူမ၏ ဖာစ်ကိုလည်း ပြန်လာမည်မို့ အတော်အသင့် ချက်တတ်ပြုတ်တတ်လာပြီဖြစ်သော သူမတစ်ယောက်တည်း မီးဖိုခန်းမှာ လက်စွမ်းပြ ချက်ပြုတ်နေရာမှ သူ့ဆီရောက်လာခြင်းဖြစ်သည်။

"ဘာလဲ. . . ထမင်းပျော့သွားပြန်ပြီလား"

အိမ်ထောင်ကျစမှ တဖြည်းဖြည်း ထမင်းချက်လက်မှန်

www.burmeseclassic.com

www.burmeseclassic.com



လာသော သူမကို မေးဖြစ်သည်။

"မဟုတ်ဘူး. . . ငါးခေါင်းဟင်းရည်ချက်တာ ဆားငန်သွားလို့ ရေထပ်ထည့်ရင်လည်း စားမကုန်သောက်မကုန်ဖြစ်တော့မှာ၊ ဘယ်လိုလုပ်ရမလဲမောင်၊ ဘာထပ်ထည့်လိုက်ရမလဲ၊ ရှာလကာရည်ထည့်ရင် ကောင်းမလား"

သူမက တစ်ယောက်တည်း ပွစိပွစိဆိုရင်း သူ့ကိုမေးသည်။

"ဒါမျိုးမိန်းမရယ် အာလူးစိမ်းကို ခပ်ပါးပါးလှီးပြီးတော့ အဲဒီဟင်းရည်ထဲထည့်လိုက်၊ အာလူးဖတ်တွေက အငန်ဓာတ်တွေကို စုပ်သွားလိမ့်မယ်၊ ပြီးရင် အဲဒီအာလူးဖတ်တွေကို ဆယ်ပစ်လိုက်၊ ငန်နေသေးရင် အာလူးစိမ်းထပ်ထည့်၊ ဒီလိုပဲလုပ်လိုက်"

ဆရာကြီးအထာဖြင့်ဆိုသော သူ့စကားအဆုံးမှာ သူမ မျက်နှာက ဝင်းပကာသွားသည်။ ပြီး လက်ဖျစ်တီး၏။

"တော်သေးတာပေါ့၊ မဟုတ်ရင် ကိုကြီးက ဖြူ့ကိုဆူမှာ၊ ကိုကြီးကလေ ဟင်းဆားငန်ရင် သိပ်စိတ်ဆိုးတာ၊ အိမ်မှာဆို အိမ်အကူကောင်မလေးတွေ ဟင်းချက်လို့ ဆားငန်ရင် အရမ်းပြောတာ"

လေယာဉ်ကွင်းသို့ သွားကြိုရမည့် သူမ၏အစ်ကိုကို ကြိုကြောက်နေသော သူမက စိတ်လိုလက်ရပင် ရှင်းပြသည်။

"ဖြူတို့အိမ်က အိမ်အကူတွေကို ဆူတာက ပြဿနာ





မဟုတ်ပေမယ့် မောင့်မိန်းမကိုတော့ လေသံမာမာတောင် မပြောနဲ့လို့ ဖြူ့အစ်ကိုကို ပြောပြထားလိုက်၊ ဒီကကောင်က မယားထိရင်မားကြည့်ဆိုတဲ့ကောင်မျိုး"

သူ့စကားကြောင့် သူမက သူ့ကို မျက်စောင်းဖြင့်ကြည့်သည်။

"ဘာလဲ. . . မယုံလို့လား၊ မယုံရင် စမ်းကြည့်လိုက်လေ၊ ဖြူ့ကို အကြောင်းကိစ္စတစ်ခုခုနဲ့ ဆူလို့ကတော့ ဖြူ့အစ်ကိုကို ဟောဒီလိုဟောဒီလို ဆွဲထိုးပြီး ဆုံးမလိုက်မယ်"

ခြေဟန်လက်ဟန်ဖြင့်ဆိုသော သူ့ကို သူမက. . .

"မောင်နော်. . . မြင်တောင်မမြင်ဖူးသေးတဲ့ လူကြီးကို အဲဒီလိုပြောစရာလား၊ ငရဲကြီးနေဦးမယ်၊ ဝစီပေဒ ထိတိုင်းရှုတဲ့"

ဟု လေပြေဖြင့် ဆိုသည်။

"ရှုရှုကွာ. . . မောင့်မိန်းမကို ဘယ်ကောင်မှ လာမထိနဲ့မရဘူး"

ကြွပ်ဆတ်ဆတ်ဆိုသော သူ့ကို သူမက ဘာမှစကားမဆိုတော့။

"ကဲပါလေ. . . ပြောနေလည်း အပိုပဲ၊ မောင်နော် ဖြူ့အစ်ကို တစ်ညလေးလာတည်းမှာကို စိတ်ညစ်အောင် မလုပ်နဲ့နော်၊ ဒါပဲ"

သူမက လက်ညှိုးတစ်ချောင်းထောင်ရင်း ဒါပဲဟုဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါ'ဆိုတာ ကြားဖူးတယ် မဟုတ်လား၊ မောင့်ကို စိတ်ညစ်အောင်မလုပ်ရင် ပြီးတာပဲ၊ တခြား သူစိမ်းမှမဟုတ်တာ၊ ယောက်ဖပဲဥစ္စာ၊ မောင်ကောင်းကောင်း ဆက်ဆံပေးမယ်၊ ဟုတ်ပြီလား"

သူ သူမကို ခပ်ရွှဲရွှဲ ဆိုဖြစ်သည်။

"ဒါနဲ့မောင်. . . ဟိုလေ ဝက်ပေါင်ခြောက်ကို ကိုကြီးက အရမ်းကြိုက်တာ၊ ဒါပေမယ့် ကြော်လိုက်တိုင်း အရမ်းကြီး ကြွပ် သွားတယ်၊ အနေတော်လေးဖြစ်အောင် ဘယ်လိုကြော်ရမလဲ ဟင်"

"ဒါလေးတောင်မသိဘူးလား"

"မသိလို့မေးတာပေါ့"

"မောင်လည်းမသိဘူး အဟီး"

သူ ပြောင်ချော်ချော် လုပ်ပြဖြစ်သည်။ သူမက ပြီးရောဟု ဆိုရင်း လှည့်ထွက်ကာသွားသည်။

"မိန်းမရေ"

"ဘာတုန်း"

သူ့အခေါ်ကို သူမက လှည့်မကြည့်ဘဲ မညင်မသာထူး သည်။

"ဝက်ပေါင်ခြောက်ကို မကြော်ခင် ရေထဲခဏစိမ်လိုက်၊ ပြီးတော့မှကြော်၊ လုံးဝကြွပ်မသွားစေရဘူး"





"တကယ်လား"

သူ့စကားကို သူမက မယုံသလိုဆိုသည်။

"ဘာလဲ မယုံလို့လား၊ မောင်ပြောသမျှ မှားတယ်ဆိုတာ ရှိဖူးလို့လား၊ သိတဲ့လူကပြောနေရင် နားထောင်မှပေါ့၊ မယုံရင် လည်း မလုပ်နဲ့ကွာ၊ ပြောရတာ အာညောင်းတယ်"

ရုပ်တည်ကြီးလုပ်ကာဆိုသော သူ့ကိုကြည့်ကာ သူမက စိတ်ိုသွားသည်အထင်နှင့် သူ့နားရောက်ချလာသည်။ ပြီး သူ့ကို လှမ်းဖက်ထားရင်း. . .

"မောင်ကလည်း ဖြူက နောက်တဲ့ဟာကို စိတ်မဆိုးကြေး၊ ဖြူက တော်တော်လေးညံ့တာပဲ၊ မောင့်လောက်တောင် ဗဟုသုတ မရှိဘူး"

ဟု သံဝေဂရသံဖြင့် ဆိုသည်။

"မောင်ကျတော့လည်း ယောက်ျားကြီးတန်မဲ့နဲ့ မီးဖိုချောင် ကိစ္စလည်း သိလိုက်တာပဲ၊ ဟိုကိစ္စဆိုလည်း သိ၊ ဒီကိစ္စဆိုလည်း သိ၊ မသိတာကိုမရှိဘူး၊ ဘက်စုံကိုတော်နေတော့တာပဲ၊ အဲဒါ ကြောင့် မောင့်ကိုချစ်ရတာသိလား"

ချွဲပြီးရင်း ချွဲနေတော့သည်မို့ သူမကို ပြန်သိုင်းဖက်ရင်း သူမနဖူးကို ခပ်ဖွဖွနမ်းဖြစ်သည်။

"ဒီလိုပဲလေ ဖြူရဲ့၊ မောင်တို့လို ရုပ်ရည်ရူပကာဖြောင့်ပြီး စိတ်ကောင်းရှိတဲ့လူတွေက ဘက်စုံတော်တတ်ကြတယ်၊ တချို့



www.burmeseclassic.com

www.burmeseclassic.com



ရွှက်ကြမ်းရေကြိုလောက်တောင် ရုပ်ရည်မရှိတဲ့လူတွေကျတော့လည်း ကိစ္စတော်တော်များများမှာ တုံးကြတယ်၊ တချို့ပြောပါတယ် မြမပါဘူး"

ရယ်တဲ့ကျဲဖြင့်ဆိုသော သူ့စကားကြောင့် သူမက သူ့ပုံကို ခေါက်ကို ဆွဲလိမ်ရင်း 'မောင်နော်. . . စောင်းမပြောနဲ့'ဟု ဆိုသည်။

"အား. . . မြ နာတယ်ကွာ၊ ကဲပါကွာ အဲဒါနဲ့ပဲ ဟင်းချက်တာကြာလို့ လေယာဉ်တွင်းသွားတာ နောက်ကျဦးမယ်"

"ဒီလိုဆို မောင်လိုက်ချက်ကူလေ"

သူမက မျက်ခုံးပင့်ရင်း ဝမ်းသာအားရဆိုသည်။

"အမှန်အတိုင်းပြောရရင် ချက်တာပြုတ်တာကို မောင်မလုပ်တတ်ဘူး၊ မောင်က ယောကျ်ားလေးဆိုတော့ အဲဒါတိုဝါသနာလည်း မပါဘူး၊ စားစားကဟာတွေ သိနေတယ်ဆိုတာက မောင့်မေမေ ပြောနေတာတွေ ကြားကြားနေလို့သိတာ၊ အချက်အပြုတ်ကို မောင်က စာတွေ့ပဲသိတာ မြရ၊ လက်တွေ့မရဘူး၊ အဟဲ"

ပြောင်ချော်ချော်ဖြင့်ဆိုသော သူ့စကားကြောင့် သူမက ဗိုင်းခနဲ မျက်စောင်းထိုးသည်။ ပြီး 'ထင်တော့ထင်သားပဲ'ဟု ဆိုသည်။ ထို့နောက် ပွစိပွစိရွတ်တာ မီးဖိုခန်းဆီ ချီတက်သွားသည်။ သူကတော့ ဖတ်လက်စ ဂျာနယ်ကို ပြန်ဖြန့်ကာ ဖတ်ဖြစ်သည်။

× × × ×



လေယာဉ်တွင်းတွင် သိပ်တော့မစောင့်လိုက်ရ၊

"ကိုကြီး"

"ညီမလေး"

သူမက လက်ပြရင်း ကိုကြီးဟု မတိုးမကျယ်ဆိုသလို ကိုကြီးဆိုသော သူမ၏အစ်ကိုကလည်း လက်ပြန်ပြရင်း ညီမလေးဟု ကြားရရုံဆိုသည်။ ဓာတ်ရှင်များထဲကလို slow Motion ဖြင့် ပြေးမဖက်ကြ၊ ဝမ်းသာအားရကြီးတွေ အိုဟာမတင်းကြ၊

"ကိုကြီးမျက်နှာတွေ ချောင်သွားသလိုပဲ"

"အေး. . . အသည်းကွဲတဲ့ရောဂါ ဖြစ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပေါ်တွင် ရှိနေသော မုဆိတ်မွေး၊ ပါးသိုင်းမွေးများနှင့် ကျားကိုးစီးစားအကုန်သော ခန္ဓာကြီးကိုမှ အားမနာဘဲ ယောက်ဖကြီးကဆိုသည်။

"ဒါ ကိုကြီးရဲ့ယောက်ဖလား"

"ဟုတ်ကဲ့"

သူ့ကိုကြည့်ရင်း မေးသော ယောက်ဖကြီးကို သူပြုံးပြရင်း ဟုတ်ကဲ့ဖြစ်သည်။

"အေး. . . အတော်ပဲ၊ ညကျရင် သောက်ဖော်သောက်ဖက် ရပြီ၊ အသည်းကွဲခဲ့တဲ့ကိစ္စနဲ့ ပတ်သက်ပြီး ရင်ဖွင့်လို့ရပြီပေါ့"

"ဟုတ်ကဲ့"

သူ အူကြောင်ကြောင်ပင် ဟုတ်ကဲ့ဖြစ်သည်။ ကားပေါ်သို့ ပစ္စည်းများတင်ပြီး မောင်းထွက်လာစဉ် ယောက်ဖက သက်ပြင်းကိုချ၏။

"အေး. . . အသည်းကွဲတာလည်းကွဲတာပေါ့၊ ဒါပေမယ့် ဗိနေ့ည ပရိုမီးယားလိဂ်ကတော့ အလွတ်ခံလို့မရဘူး ယောက်ဖရေ"

"ခင်ဗျာ"

ယောက်ဖကြီးကို သူ 'ခင်ဗျာ'ဟု ထူးဖြစ်သည်။

"မင်း. . . ငါနဲ့ အတူတူကြည့်ပေါ့၊ ဒါနဲ့ မင်း ဘောလုံးပွဲရော ကြည့်ရတာဝါသနာပါရဲ့လား"





"ပါပါတယ် ကိုကြီး၊ ကြည့်ကြတာပေါ့"

သူ အလိုက်သင့်ပင် ဆိုဖြစ်သည်။

"ဒါနဲ့ ဘောပွဲတွေကော လောင်းလို့ရလား"

ယောက်ဖကြီးက မျက်ခုံးပင့်ရင်း မေးသည်။

"အရင်တုန်းကတော့ ရတယ်၊ အခုတော့ အဖမ်းအဆီးများလို့ မရှိတော့ဘူး၊ ပြီးတော့ ဘောလုံးပွဲတွေ ဒိုင်လုပ်တဲ့ အကြည်တော်ဆိုတဲ့ ရပ်ကွက်ထဲက ဒိုင်လည်း အရင်နှစ် ပရိုမီးယားလိဂ်တုန်းက ခွက်ခွက်လန်အောင်ရှုံးပြီး ဘယ်ရောက်လို့ ရောက်မှန်းကို မသိတော့ဘူး၊ သူမရှိတော့ကတည်းက ရပ်ကွက်ထဲမှာ တစ်လုံး၊ နှစ်လုံး၊ သုံးလုံး သံအပြင် လေးလုံးသံပါ မကြားရတော့ဘူး"

"ရပ်ကွက်သန့်သွားတာပေါ့လေ"

သူ့စကားအဆုံးမှာ သူမက ဝင်၍စကားထောက်သည်။

"ဒါနဲ့နေပါဦး တစ်လုံးက ဘောလုံး၊ နှစ်လုံးဆိုတာက နှစ်လုံးထီ၊ သုံးလုံးဆိုတာကတော့ ချဲ၊ လေးလုံးဆိုတာက ဘာတုန်းတွ"

"ဩော်. . . လေးလုံးဆိုတာက AIDS ကိုပြောတာပါ"

"ဟုတ်လား. . . အေး. . . အေး သဘောပေါက်ပြီ၊ အင်း လေယာဉ်စီးရတာလည်း ညောင်းလိုက်တာ၊ ငါ့ညီမ မကြားအောင်အော်ပြီး မေးရဦးမယ်၊ မင်းတို့ရပ်ကွက်မှာ မာဆတ်လေးဘာလေး မရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



အသည်းကွဲယောက်ဖကြီးက ပြောင်ချော်ချော်ဖြင့် မေးသည်။

"မာဆတ်လား၊ အရင်တုန်းကတော့ တရားမဝင်အနှိပ်ခန်းတွေရှိတယ်၊ အခုက စီမံချက်နဲ့ လိုက်ဖမ်းလို့ ရပ်ကွက်ထဲမှာ တရားမဝင်အနှိပ်ခန်းဖွင့်ထားတဲ့ မိုးဆက်လင်းထက်ဆိုတဲ့လူတောင် အစအနရှာမရတော့ဘူး၊ ပြေးပြီလေ"

သူ ယောက်ဖကြီးကို ရှင်းပြဖြစ်သည်။

"ဘယ်ကလာ. . . အစအနရှာမရရမှာလဲ၊ အဲဒီမိုးဆက်လင်းထက်ဆိုတဲ့လူက တောင်ကြီးက ဟိုတယ်တစ်ခုမှာ သန့်ရှင်းရေး ဝင်လုပ်နေတယ်တဲ့၊ အဲဒီဟိုတယ်ပိုင်ရှင်က အလုပ်မရှိ အကိုင်မရှိ နေစရာမရှိ စားစရာမရှိ ဖြစ်နေတဲ့ မိုးဆက်လင်းထက်ဆိုတဲ့ မာဆတ် မှန်နေဂျာပေါင်းကို အလုပ်ပေးထားတာလေ၊ သူ အကျွမ်းကျင်ဆုံး အလုပ်ကလည်း ဒါပဲရှိတာကိုး"

သူ့စကားအဆုံးမှာ သတင်းစုံသော သူမက ဝင်၍ဆိုသည်။

"ဩော်. . . တော်တော်သဘောကောင်းတဲ့ ဟိုတယ်ပိုင်ရှင်ပဲ၊ ဘယ်သူပါလိမ့်"

ယောက်ဖကြီးက မေးစေ့ပွတ်ရင်း တလေးတစား မေးသည်။

"ကမ္ဘာ့အချမ်းသာဆုံး နံပါတ်တစ်နေရာကို မကြာခင်ချိတ်





တော့မယ့် သူဌေးကြီး ပြည့်ပိုင်မှူးအိမ်ဆိုတဲ့လူပေါ့"

"ဩော်. . . ကြားဖူးတယ်၊ ကြားဖူးတယ်၊ အရမ်းချမ်းသာပြီး ရုပ်ကလည်းချော၊ သဘောမနောကလည်းကောင်း ကိုရီးယားမင်းသမီးတစ်ယောက်နဲ့ လက်ထပ်ထားတယ်ဆိုတဲ့လူပဲ"

(ရေးရတာ အရသာကိုရှိလို့ပါလားဗျ၊ အဟေးဟေး)

သူနှင့် သူမတို့ မောင်နှမနှစ်ယောက် ထိုသို့ အရသာရှိရှိဖြင့် စကားဆိုကြရင်း အိမ်သို့ မြန်မြန်ဆန်ဆန်ပင် ပြန်ရောက်လာသည်။

"မြန်မြန်မရောက်လို့ကလည်းမရ၊ တော်ကြာ ကိုကြည်နှင့် ကိုမိုးဆက်က သူဌေးကြီး ပြည့်ပိုင်မှူးအိမ်ကို ချောင်းရိုက်ကြလိမ့်မည်၊ (ဤကား ဂျင်းချပ်)

"ကဲ. . . ကဲ ငါ့အခန်းကိုလိုက်ပို့ ရေမိုးချိုးပြီးတာနဲ့ မြို့ထဲ ခဏသွားမယ်၊ ယောက်ဖကားကို ယူသွားမယ်၊ ပြန်လာမှ ငါတို့နှစ်ယောက် သောက်ကြတာပေါ့၊ ညီမလေး အမြည်းလုပ်ထားနော်"

"ဟုတ်ကဲ့"

ယောက်ဖကြီး၏ စကားအဆုံးမှာ သူတို့လင်မယားနှစ်ယောက် ခေါင်းပြိုင်တူညိတ်ဖြစ်ကြသည်။

တော်သေးသည်က ရွှေယောက်ဖကြီး သရဲမကြောက်တတ်ခြင်းဟု သူတွေးဖြစ်သည်။ ထိုစဉ်မှာ ယောက်ဖကြီးက သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းအော်သည်။

"ဟေ့ကောင်. . . သောက်ပြီးတာနဲ့ မအိပ်ရဘူး၊ ငါနဲ့မင်း ဘောလုံးပွဲကြည့်ဦးမှာနော်"ဟု ဆို၏။

× × × ×



Women are the whips of Satan.

မိန်းမများသည်ကား မာရ်နတ်၏ ကြာပွတ်များဖြစ်ကြကုန်၏။

***Persian Proverb***

× × × ×

www.burmeseclassic.com



"အသည်းတွဲတယ်ဆိုတာထက် အရှက်ကွဲတယ်ဆိုရင် ပိုမှန်မယ်ထင်တယ်၊ တကယ်တမ်းကျတော့ မိန်းမတွေက သစ္စာမရှိဘူးကွ ယောက်ဖရ"

ယောက်ဖကြီး၏ စကားကြောင့် သူမက 'ကိုကြီးနော်'ဟု ဆိုသည်။

"အေး. . . ခွင်းချက်အနေနဲ့ ငါ့ညီမတော့မပါဘူး"

ယောက်ဖကြီးက နောက်ဆက်တွဲအနေနှင့် ခြွင်းချက်ကို ဆိုသည်။

"ပါရှန်းစကားပုံတစ်ခုရှိတယ်၊ မိန်းမတွေဆိုတာ မာရ်နတ်





ရဲ့ ကြာပွတ်တွေပဲတဲ့၊ အဲဒီစကားပုံ မှန်တယ်ကွာ၊ ရိုက်ချက်ကတော့ လုံးဝပြင်းထန်တယ်"

အနည်းငယ်သာသောက်ပြီး အများကြီးမူးနေပုံပေါက်သော ယောက်ဖကြီးကိုကြည့်ရင်း 'တန်လှချည်လား'ဟု သူတွေးဖြစ်သည်။ သုံးပက်လောက်နှင့် သူသာဆိုမမူး။

"ငါ စင်ကာပူရောက်ပြီးမှ ရည်းစားနှစ်ယောက်ထားခဲ့တယ်၊ ဒါပေမဲ့ နှစ်ယောက်စလုံးက မာရ်နတ်ရဲ့ ကြာပွတ်တွေချည်းပဲကွာ၊ ငါပဲ လိမ့်ပိန်ပြီး အရိုက်ခံခဲ့ရတယ်၊ အသည်းကွဲခဲ့တယ်ပေါ့ကွာ"

"မောင်လေးပြောလို့ကြားပြီးပါပြီ၊ အိမ်က ကိုကြီးအတွက်ပို့တဲ့ ကျောင်းစရိတ်တွေထဲက သုံးပုံတစ်ပုံလောက်က အဲဒီကောင်မလေးတွေချူလို့ ကုန်တာတဲ့၊ ညီမလေးကတောင် မောင်လေးကို မှာလိုက်သေးတယ်၊ ဖေဖေတို့ကို လုံးဝပြန်မပြောမိစေနဲ့လို့"

ရွှေယောက်ဖကိုကြည့်ရင်း သူမကဆိုသည်။

"အေးဟ. . . ဒီအရွယ်ကြီးအထိ မိဘပိုက်ဆံ သုံးနေရတာကို ရှက်တယ်၊ ဒါပေမယ့် မကြာခင် ကိုယ့်ပိုက်ဆံကို ကိုယ်ရှာနိုင်တော့မှာပါ၊ ဒီနေ့ သူငယ်ချင်းတွေနဲ့ဆုံပြီး အလုပ်ကိစ္စ ဆွေးနွေးခဲ့ကြတယ်"

"ဘာလုပ်ဖို့ စဉ်းစားထားလဲ ကိုကြီး၊ ဂွင်ကောင်းရင်



www.burmeseclassic.com

www.burmeseclassic.com



ပြောပါဦး၊ ကျွန်တော်လည်း ရှယ်ယာပါလို့ရအောင်"

သူ အမြည်းကို ကောက်စားရင်းဆိုဖြစ်သည်။

"အေး. . . ဘာလုပ်ကြမယ်ဆိုတာကို အသေအချာ မဆုံးဖြတ်ရသေးဘူး၊ ဆွေးနွေးနေကြတုန်းပဲ၊ အဲဒါနဲ့ပဲ ငါတော့ မေမေတို့ဆီ ချက်ချင်းသွားနိုင်လိမ့်ဦးမယ် မထင်ဘူး၊ ငါးရက် တစ်ပတ်တော့ မင်းတို့အိမ်မှာ သောင်တင်လိမ့်ဦးမယ်"

ယောက်ဖကြီး၏အဆိုကြောင့် သူ သောက်လက်စအရက် တ သီးကာသွားသည်။ ငါးရက်တစ်ပတ်ဟု ဆိုလိုက်သည်ကိုး။

"ကိုကြီးက ဒီမှာတစ်ညပဲတည်းမှာ"ဆိုသော မရွှေချောကို လှမ်းကြည့်တော့ သူမက မသိလိုက်၊ မကြားလိုက်သလို လုပ်ကာ နေသည်။

ယောက်ဖကြီး ငါးရက်တစ်ပတ်နေသည်က အကြောင်း မဟုတ်၊ ညတိုင်း လိုက်သောက်ကာ အဖော်ပြုရမည့်အရေးက စိတ်လေးစရာကြီး ဖြစ်နေသည်။

ဒီအတိုင်း ရိုးရိုးဆိုလို့တဇော်တော့ တစ်သက်လုံးနေလည်း ကိစ္စမရှိ။ အခုက ဘောလုံးပွဲကိုလည်း ကြည့်ချင်သည်ဖြစ်စေ၊ မကြည့်ချင်သည်ဖြစ်စေ သူ့ဘေးမှာ အဖော်ပြုကာ ကြည့်ပေးရဦး မည်။

စကားစမြည်ဆိုလိုက် သောက်လိုက်နှင့် ညဆယ့်တစ်နာရီ ကျော်လာသောအခါ သူမက တဝါးဝါးသမ်းလာသည်။





"ညီမလေး. . . နင့်ကိုကြည့်ရတာ အတော်လေး အိပ်ချင် နေပုံရတယ်၊ သွားအိပ်တော့၊ ငါတို့က ညနှစ်နာရီလာမယ့် ဘောပွဲ ကြည့်ဦးမှာ၊ နင်သွားအိပ်နှင့်တော့"

"ဟုတ်. . . ဒါဆို အိပ်နှင့်တော့မယ်နော်"

သူ့ကိုပြောသည်လား သူမ၏အစ်ကိုကို ပြောသည်လား မသိသော စကားကိုဆိုရင်း သူမက အိပ်ခန်းဘက် ချီတက်ကာ သွားသည်။

"ကဲ. . . ငါ့ညီမလည်း သွားပြီဆိုတော့ မင်းနဲ့ငါနဲ့ ဂိမ်းဆော့ရအောင်၊ ဟိုကောင်တော ခြေနဲ့မကန်ခင် မင်းနဲ့ငါ လက်နဲ့ကန်ရင်း စောင့်ရအောင်"

ယောက်ဖကြီးက ပြောပြောဆိုဆို ဂိမ်းစက်ကို ပြေးဖွင့် သည်။

"ကိုကြီး"

"ဘာလဲကွ"

မရဲတရဲခေါ်သော သူ့ကို ယောက်ဖကြီးက 'ဘာလဲကွ'ဟု ခပ်ဆတ်ဆတ်ထူးသည်။ သူတမင်ပင် ဝါးခနဲသမ်းလိုက်ရင်း. . .

"ကျွန်တော်လည်း အိပ်ချင်နေပြီဗျာ၊ ပြီးတော့ မနက်ဖြန် ကျ ကုမ္ပဏီကိုလည်း ခပ်စောစောသွားရဦးမယ်ဆိုတော့"

"ဟကောင်. . . တော်တော့"

သူ့စကားမဆုံးခင်မှာ ယောက်ဖကြီးက လက်ကာပြသည်။

www.burmeseclassic.com



"မင်း ယောက်ျားမဟုတ်ဘူးလား"

"ခင်ဗျာ"

ယောက်ဖကြီး၏အမေးကို သူပြန်မဖြေဖြစ်ဘဲ ကြောင်သွားသည်။

"ယောက်ျားဆိုတာ ဘောလုံးပွဲကို မပျက်မကွက်ကြည့်ကိုကြည့်ရမယ်၊ ဘောလုံးပွဲကြည့်လို့ အိပ်ရေးပျက်တဲ့ဒဏ်လောက်ကိုတော့ ခံနိုင်ရည်ရှိကိုရှိရတယ်ကွ၊ ပြီးတော့ ဒီဂိမ်းစက်က ဆော့ဖို့ဝယ်ထားတာမဟုတ်လား၊ ဝယ်ထားရင် ဆော့ရတယ်ကွ၊ လျှာမရှည်နဲ့ လာဆော့"

လူကို ဘာမှပြောခွင့်မပေးဘဲ စကားကို အနိုင်ပိုင်းကာဆိုရင်း ယောက်ဖကြီးက 'အခုဆော့မယ်ဆိုရင် နှစ်နာရီကျော်ကျော်လောက် ဆော့လို့ရသေးတယ်'ဟု ရေရွတ်သည်။

"ငါ စင်ကာပူမှာတုန်းက ငါတို့ဘော်ဒါတွေထဲမှာ လုံးဝချန်ပီယံ၊ မင်းတော့ သေဖို့သာပြင်ပေတော့"

ပါးစပ်က ကျိန်းဝါးနေသော ယောက်ဖကို အမြင်ကတ်ကတ်နှင့် နှစ်ပွဲဆက်တိုက် သူ အနိုင်ကန်ပစ်လိုက်သည်။

ရှုံးနိမ့်သူတို့၏ ထုံးစံအတိုင်း ယောက်ဖကြီး မျက်နှာတွေနီကာ ရှုံးမဲမဲပြီး ပါးစပ်က ပေါက်တတ်ကရတွေ ပြောလာသည်။

"ငါမူးနေလို့ပါ၊ မင်းလက်ရည်က ဒီလောက်ကြီးမဟုတ်ပါဘူး"





သူ သုံးပွဲမြောက် အနိုင်ကန်ပစ်လိုက်သည်မို့ ယောက်ဖကြီး အမူးတွေဘာတွေပြေပြီး မျက်လုံးတွေ ပြူးကာလာသည်။

"မဟုတ်သေးပါဘူး၊ လာ နောက်တစ်ပွဲ"

မနိုင်မချင်း ကျေနပ်မည်မဟုတ်သော ယောက်ဖကြီးကို သူလျှော့ကန်ပေးလိုက်သည်။ သို့သော် ယောက်ဖကြီးက ရိပ်မိသည်။

"ဟေ့ကောင်. . . မင်း မလျှို့နဲ့၊ မလျှို့နဲ့၊ ငါ့ကို မင်း လက်ကုန်ကန်စမ်းပါ"

ပါးစပ်ကပြောရင်း လက်ကကန်နေသော ယောက်ဖကြီးကို သူအနိုင်ကန်ပစ်လိုက်သည်။ တစ်ပွဲပြီးတစ်ပွဲ ကန်ရင်း နာရီကို လှမ်းကြည့်တော့ နှစ်နာရီခွဲနေပြီဖြစ်သည်။

"ကိုကြီး ဘောပွဲလာနေပြီလေ"

"ဟကောင်. . . လျှာမရှည်နဲ့၊ သူများကန်တာ ကြည့်မယ့်အစား ကိုယ့်ဘာသာကိုယ်ကန်တာက ပို Feel ရှိတယ်ကွ၊ ဘာလဲ ကြောက်နေပြီလား"

အောက်ကလည်းနေသေး ကြောက်ပြီလားလည်း မေးနေသော ယောက်ဖကြီးကို မှတ်လောက်သားလောက်အောင် သူဆက်တိုက် အနိုင်ကန်ဖြစ်သည်။

တစ်ပွဲပြီး နောက်တစ်ပွဲ နောက်တစ်ပွဲဖြင့် အချိန်က လေးနာရီထိုးခါနီးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝါး. . . ကဲ ကဲ ယောက်ဖ မင်းလည်း ကုမ္ပဏီသွားရမှာဆိုတော့ တရေးအိပ်လိုက်ဦး၊ ငါလည်း မနေနိုင်တော့ဘူး အိပ်တော့မယ်၊ ကဲ ကဲ သွား သွား"

သူ ဝမ်းသာအားရ ထအရပ်မှာ မိုက်ခနဲ မျက်စိပြာကာ သွားသည်။ တစ်ညထဲနှင့်ပင်လျှင် ယောက်ဖကြီးကို သူကြောက်နေမိသည်။ တစ်ပတ်သာဆိုလျှင်တော့ သူ သက်ပြင်းကိုသာ ချဖြစ်သည်။

× × × ×



"အိမ်ပြန်ရမှာတောင် ကြောက်လာပြီကွာ"

"ဘာဖြစ်လို့တုန်းကွ"

သူ့စကားကို ခိုင်မြက အမေးရှိသည်။

"စောစောကပဲ ယောက်ဖကြီးက ဖုန်းဆက်လာတယ်၊ ဘောလုံးကန်ဖို့ ဂိမ်းစက်ရယ်ဒီလုပ်ပြီး စောင့်နေတယ်၊ အမြန်ပြန်ခဲ့တဲ့ကွ"

"ယောက်ဖနှစ်ယောက်ရဲ့ အကြိုတ်အနယ် ချစ်ကြည်ရေးပွဲစဉ်ပေါ့ ဟုတ်လား"

ရန်နောင်က ရယ်ကျဲကျဲဖြင့်ဆိုသည်။

www.burmeseclassic.com

"မနေ့ညကလည်း အိပ်ရေးပျက်ထားသေး၊ ကုမ္ပဏီမှာလည်း တစ်မေးမှ မမေးရ၊ အခု အိမ်ပြန်ရောက်တော့လည်း ငရဲက စောင့်နေပြီ၊ တောက် မ·သားပြောတော့ တစ်ညတဲ့၊ ငါ့နှယ်ကွာ သေသာသေလိုက်ချင်တော့တာပဲ"

သူ၏ စိတ်ပျက်လက်ပျက် အဆိုကို သကောင့်သားနှစ်ကောင်က တခွီးခွီးဝိုင်းရယ်ကြသည်။ ထိုစဉ်မှာပင် ဖုန်းလာသည်မို့ သူကိုင်ဖြစ်သည်။

"ဟကောင်"

"ဗျာ. . . ကိုကြီး"

"မလာသေးဘူးလားကွ"

"လာပါပြီ ကိုကြီး၊ အခုပဲလာတော့မလို့"

"အေး. . . ပြီးရော၊ ဘယ်မှဝင်မနေနဲ့၊ အိမ်ကို တန်းတန်းမတ်မတ်ပြန်လာနော်၊ ငါဒီမှာ ဘောလုံးကန်ဖို့ သွေးပူလေ့ကျင့်ခန်းလုပ်နေတယ်"

"ဟုတ်တဲ့ပါ ကိုကြီး"

"အေး. . . ဒါပဲ၊ ဒါပဲ၊ ငါက တခြားလူနဲ့မကန်ချင်ဘူး၊ မင်းနဲ့ပဲကန်ချင်တာ၊ ဒါပဲဟေ့"

ဘေးမှသကောင့်သားနှစ်ကောင်ကိုပါ ကြားပါစေတော့ဟု Speaker ဖွင့်၍ပြောသည်မို့ သကောင့်သားနှစ်ကောင်လည်း သူတို့ပြောသမျှကို အတိုင်းသားကြားနေရသည်။ နိုင်မြတို့



နှစ်ကောင်ကတော့ ဖုန်းကြီးကိုင်ကာ ငိုင်တိုင်တိုင်ဖြင့် ငိုက်ချင်နေသော သူ့ကိုကြည့်ကာ ရယ်လို့သာနေကြသည်။

× × × ×

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် တစ်ပတ်ပြည့်ရန် နှစ်ရက်အလို၊

ငါးရက်မြောက်နေ့. . .။

"မောင်"

အသံနှိမ့်တာခေါ်သော သူမကို 'ဘာလဲ'ဟု သူ အသံနှိမ့်ကာပင် ပြန်၍ထူးဖြစ်သည်။ သူမက အသံကိုနှိမ့်လျှက်နှင့်ပင်. . .

"ကိုကြီး မနက်ဖြန်ပြန်တော့မယ်တဲ့၊ သူ့ကိစ္စတွေပြီးပြီတဲ့"

ဟုဆိုသည်။

"ဟုတ်လား၊ ဝမ်းသာလိုက်တာ မိန်းမရယ်၊ ထိပေါက်ရသလိုပါပဲလားကွာ၊ မောင့်ကိုလည်း ကြည့်ပါဦး၊ မျက်တွင်းဟောက်





ပက်နဲ့ အရိုးပေါ်အရေတင်ဖြစ်နေပြီ၊ ဖြူရဲ့အစ်ကို ရောက်လာကတည်းက မောင့်မှာလေ တစ်မှေးမှ ကောင်းကောင်းမအိပ်ရသေးဘူး၊ မနက်ဖြန် အမှန်အကန်ပြန်ဖြစ်ပါစေဗျာ"

"ဟကောင်"

"ခင်ဗျာ"

ရုတ်တရက် အိပ်ခန်းဝမှ အော်လိုက်သော ယောက်ဖကြီး၏ အသံကြောင့် သူ လိပ်ပြာလွင့်လုမတတ် လန့်ဖြန့်ကာသွားရသည်။

ရောယောင်ပြီး ခင်ဗျာဟု ထူးဖြစ်သည်။

"မင်းတို့လင်မယား ဘာတွေ တွတ်တွတ် တွတ်တွတ်နဲ့ ပြော နေကြတာတုန်း၊ မျှတ်နှာကြီးကိုပြုံးလို့၊ မင်းပြုံးတာ ငါ ဒီတစ်ခါပဲမြင်ဖူးသေးတယ်"

"ဪ. . . ကျွန်တော့်ကုမ္ပဏီရဲ့ အောင်မြင်မှုတွေ အကြောင်း ဖြူ့ကို ပြောပြနေတာ၊ ဝမ်းသာစရာတွေပြောနေမှတော့ ပြုံးပြီပေါ့ ကိုကြီးရာ"

"အေး. . . ဝမ်းသာစရာအသာထား၊ လာခဲ့ ဂိမ်းဆော့ရအောင်"

ယောက်ဖကြီးက 'လာခဲ့'ဟုဆိုသည်။

"ဆော့မယ် အစ်ကိုကြီး၊ ဝမ်းမြောက်ဝမ်းသာကို ဆော့ဦးမှာ၊ ဖြူ စောစောကပြောတဲ့ ကုမ္ပဏီကိစ္စလေ တကယ်ပြောတာ



www.burmeseclassic.com

www.burmeseclassic.com



နေ့ဘ်၊ မောင် နားကြားမမှားဘူးမဟုတ်လား"

သူဘာကိုဆိုလိုမှန်း သိသည်မို့ သူမက ခွီးခနဲရယ်ကာ 'တကယ်ပြောတာ'ဟု ဆိုသည်။ 'တကယ်တဲ့၊ တကယ်ဆိုပါလား' နားဝင်တွေချိုလိုက်ပုံများ။

× × × ×



ကားလက်မှတ်ဖြတ်ထားသော ရွှေယောက်ဖကြီးကို အဝေးပြေးကားဂိတ်သို့ လိုက်လံပို့ဆောင်ရသည်မို့ သူ အထူးတလည် အူမြူးနေမိသည်။

ကားပေါ်သို့ ယောက်ဖကြီး၏ အိတ်များကို ခပ်သွက်သွက် တင်ဖြစ်သည်။

"ကျွန်တော်က ကိုကြီးကို ကြာကြာနေစေချင်တာဗျ၊ အခုလို ငါးရက်ခြောက်ရက်ထဲနဲ့ ပြန်တော့ စိတ်ကို မကောင်းဘူး၊ အဟုတ်ပြောတာ"

မျက်နှာကို ခုနစ်အို ရှစ်အိုကျအောင် အိုပစ်လိုက်ရှင်း

www.burmeseclassic.com



ဟန်ဆောင်ပန်ဆောင်ပင် ဆိုဖြစ်သည်။

သူမကတော့ သူတမင်ဟန်လုပ်ကာ ဆိုနေမှန်းသိသည်မို့ သူ့ကို မချိုမချဉ်ကြည့်ရင်း မျက်စောင်းထိုးသည်။

“နေချင်တာပေါ့ကွာ၊ မင်းအိမ်မှာ ဂိမ်းလေးဆော့လိုက်၊ ဘော်ဒါတွေဆီသွားလိုက်နဲ့ ငါ့ရဲ့ အသည်းကွဲရောဂါတောင် ပျောက်သလောက်နီးနီး ဖြစ်သွားတယ်၊ အဟုတ်ပြောတာ”

“အိုဗျာ. . . နောက်တစ်ခါဆိုရင်တော့ ကြာကြာနေရမယ်ဗျာ၊ ကိုကြီး အခုလို ခဏလေးနဲ့ပြန်တော့ ကျွန်တော့်မှာ ဂိမ်းဆော့ဖော်မရှိလို့ ဟာ. . . တာ. . . တာကြီးဗျာ၊ အဟုတ်ကြီး ပြောတာ”

‘သူဟုတ်’မှတော့ တိုယ်လည်း ဟုတ်ပစ်သည်။

“မေမေတို့ မျှော်နေမှာစိုးလို့ပါကွာ၊ သိတယ်မဟုတ်လား မြန်မာနိုင်ငံပြန်ရောက်တာတောင် သူတို့ဆီ ချက်ချင်းပြန်မလာဘူးဆိုပြီး စိတ်ဆိုးနေမှာစိုးလို့ သွားရမှာ၊ ကိုယ့်သဘောလိုဆို မသွားဘူး”

“အေးဗျာ. . . ကျွန်တော်က ကိုကြီး ဒီမှာ ကြာကြာနေပါစေလို့ ဆုတောင်းနေတာ၊ ဆုတောင်းမပြည့်ဘူးဗျာ၊ မပြန်စေချင်သေးဘူး”

အလိုက်အသည်းလိုက် ပျော်ရွှင်မှုများကို ဖွတ်ဖုံးဖိရင်း သူဆိုဖြစ်သည်။ ထိုစဉ်မှာပင် ဖြုံ ဖုန်းက မြည်လာသည်။





“ဟဲလို. . . ဟုတ်ကဲ့ မေမေ၊ အခုပဲ ကိုကြီးကို အဝေးပြေးဝိတ်သွားပို့တော့မလို”

ယောက္ခမကြီးဆီက ဖုန်းဟု သူသိလိုက်ရသည်။

“ရှင်”

သူမက အံ့ဩသွားဟန်ဖြင့် ‘ရှင်’ဟု ဝမ်းသာအားရဆိုသည်မို့ သူရော ယောက်ဖကြီးပါ သူမကိုကြည့်ဖြစ်သည်။

“ဟုတ်ကဲ့. . . xxxx. . . xxxx xxxx ဟုတ်ကဲ့ပါ မေမေ၊ ဒါပဲနော်”

စကားကို အကြာကြီးနားထောင်နေပြီး သူမက ဒါပဲနော် ဟုဆိုကာ ဖုန်းကိုဘေးလွယ်အိတ်ထဲသို့ ပြန်၍ထည့်သည်။ ပြီး. . .

“ကဲ မောင် မောင့်ဆုတောင်းတော့ ပြည့်ပြီ”

“ဘာ. . . ဘာပြည့်တာလဲ”

“အခုပဲ မေမေက ဖုန်းဆက်တယ်၊ ကိုကြီးကို မလာခဲ့တော့နဲ့၊ ဒီအိမ်ကပဲစောင့်တော့တဲ့”

“ဘာဖြစ်လို့တဲ့လဲ”

ယောက်ဖကြီးက ဝင်၍မေးသည်။

“မနက်ဖြန် ဖေဖေ့မိတ်ဆွေတစ်ယောက်ရဲ့ သမီး မင်္ဂလာဆောင်ရှိတယ်တဲ့၊ မသွားမတောင်းမို့လို့ လာခဲ့ရမှာတဲ့၊ အဲဒါ တစ်မိသားစုလုံးသွားရမှာမို့လို့ မနက်ဖြန်မနက် လေယာဉ်နဲ့ ဖေဖေရော မေမေရော၊ မောင်လေးရော ရောက်မယ်တဲ့”



www.burmeseclassic.com

www.burmeseclassic.com



"တကယ်"

သူယောင်ရမ်းကာ တကယ်ဟု မေးဖြစ်သည်။

"တကယ်ပြောတာ၊ ပြီးတော့ မန္တလေးကို နောက်ရက်မှ ပြန်မှာ၊ မနက်ဖြန်တစ်ည ဖြူတို့ဆီမှာလာအိပ်မယ်တဲ့၊ မိသားစု စုံစုံလင်လင်နဲ့ ပျော်စရာကြီး"

"ဘယ်. . . ဘယ်လို. . . ဘယ်လို"

သူ နားသိပ်မရှင်းသည်မို့ မေးဖြစ်သည်။ ယောက်ဖကြီးက တော့ ၎င်း၏ခရီးဆောင်အိတ်များကို ကားပေါ်မှပြန်ချကာ အိမ်ထဲ သို့ သွင်းကာနေသည်။

"ဩော်. . . မောင်ကလည်းဇလေ ဖေဖေတို့အားလုံး မနက်ဖြန် တစ်ည ဒီအိမ်မှာ လာအိပ်ကြမယ်တဲ့၊ အဲဒါပြောတာ၊ ကဲ ကဲ ဖြူ စီစဉ်စရာရှိတာ သွားစီစဉ်လိုက်ဦးမယ်"

သူမက အိမ်ထဲသို့ လွှားခနဲ ဝင်ချသွားသည်။

"တစ်ည"

'တစ်ည'ဟု သူရေရွတ်ရင်း နေရာမှာတင် ရပ်၍ကျန်ရစ်ခဲ့ သည်။ အိပ်ရေးပျက်သော ညတွေ များခဲ့ပြီမို့လားမသိ မိုက်ခနဲဖြစ် သွားသည်မို့ ကားကို ကမန်းကတန်း လှမ်းကိုင်ထားလိုက်ရသည်။

မူးခနဲ မိုက်ခနဲဖြစ်၍ ကမ္ဘာကြီးက လိုသည်ထက်ပို၍ လည်နေသလို ခံစားနေရသည်။

ထိုစဉ်မှာပင် ယောက်ဖကြီး၏ အသံကို သူကြားလိုက်





သည်။

"ယောက်ဖရေ"

"ဗျာ"

"လာဟေ့ ဂိမ်းဆော့ရအောင်"

"ဟုတ်ကဲ့"

သူ၏ 'ဟုတ်ကဲ့'သည် ဖျော့တော့သော အားမရှိသော ခပ်ယဲ့ယဲ့မျှသော လေသံဖြစ်သည်။ စိတ်သာတင်းမထားပါက နေရာမှာတင် သူပုံကျသွားမည်လားမသိ။

"ယောက်ဖရေ. . . လာလေကွာ"

"လာပြီကိုကြီးရေ. . . လာပြီ"

သူအာခေါင်ခြစ်ကာ ပြန်၍ထူးဖြစ်သည်။ ရင်ထဲမှာတော့ ဖြင့် လှုပ်လှုပ်လှုပ်လှုပ်ဖြင့် တုန်ရီလျက်။

× × × ×



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့ ယုံလား။

မယားပြောတော့ တစ်ညတဲ့။

ဟုတ်ကဲ့. . .

မယားပြောတော့ တကယ့်တကယ်ကြီးကို တစ်ညထဲ. . .

တစ်ညဆိုမှ. . . တကယ့်တစ်ညထဲသာ. . .။

ရယ်မောပျော်ရွှင်နိုင်ကြပါစေ။

ပြည့်ပိုင်မျိုးအိမ်

BURMESE CLASSIC .com



www.burmeseclassic.com